ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်ထုတ်ဝေသည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (27-3-2013) (၇၄၃၇)

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများလောင်းလှူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒဝံသအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

မြန်မာသာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကို ကြည်ညိုကြသော မင်းအစိုးရအဆက်ဆက်တို့သည် "အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂပဏ္ဍိတ၊ ဒိသာပါမောက္ခသီရိမဟာစတုရင်္ဂဗလ၊ သုဓမ္မမဟာသာမိ၊ ရာဇဂုရု၊ မဟာဓမ္မရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဓမ္မသေနာပတိ" အစရှိသော ဘွဲ့တံဆိပ်တော်များနှင့် ပထမစာတော်ချ၊ ဒုတိယစာတော်ချ၊ တတိယစာတော်ချ အစရှိသည့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြပေသည်။

ဘွဲ့တံဆိပ်တော်ဆက်ကပ်

ထို့အတူ "သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ လူပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ်ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်၊ ပဋိပတ္တိတာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်း ပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင် ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့်ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သဒ္ဓါကြည်ဖြူလောင်းလှူကြစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ပြည်သူ့တပ်မတော် — စာမျက်နှာ ➢ ၂

ဒီမိုကရေစီနိုင်ငံသစ်၏ ခေတ်မီမျိုးချစ်တပ်မတော် — စာမျက်နှာ ➢ ၆

ကုလသမဂ္ဂ၏ အထူးသံတမန်အဖြစ် အိန်ဂျလီနာဂျိုလီ ကွန်ဂိုသို့ သွားရောက် — စာမျက်နှာ ➢ ၁၂

ချယ်လ်ဆီးနောက်ခံလူ ဂျွန်တယ်ရီကို ဗီနာဘာချီအသင်း ပစ်မှတ်ထားနေ — စာမျက်နှာ ➢ ၁၃

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံစာတည်းရှေ့ထောင့် ၂၇-၃-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

ပြည်သူ့တပ်မတော်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကာလကပင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်ခဲ့ကြောင်း တွေ့ရမည်ဖြစ်သည်။

ထိုစဉ် ကာလမှစ၍ တပ်မတော်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်လက်တွဲကာ နိုင်ငံပေါ်ကျရောက်လာမည့် အန္တရာယ်အသွယ်သွယ်ကို တွန်းလှန်တိုက်ဖျက်ကာ အမိနိုင်ငံတော်ကို ကာကွယ်ခဲ့ကြသည်။

သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည့် မြန်မာနိုင်ငံအား လွတ်လပ်သောနိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်အောင် တပ်မတော်သည် အသက်သွေးချွေးပေးဆပ်၍ လွတ်လပ်ရေးကို ပြန်လည်ရယူပေးခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်တွင်လည်း နိုင်ငံတော်တွင် ကျရောက်လာသည့် ပြည်တွင်းပြည်ပ အန္တရာယ်အသွယ်သွယ်ကို တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည်။ တပ်မတော်သည် အမျိုးသားရေးကို ရှေးရှုပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။

တပ်မတော်သည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်အတွက် အရေးပါသော အဖွဲ့အစည်းဖြစ်သည်။ လက်တွေ့တွင်လည်း အမျိုးသားရေး အကျိုးစီးပွားဆိုင်ရာ ကာကွယ်စောင့်ရှောက်ရမည့်ကိစ္စရပ်များတွင် ဦးလည်မသုန်ထမ်းဆောင်လျက်ရှိသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ မိမိနိုင်ငံကိုထိပါးနှောင့်ယှက်လာမည့် ရန်စွယ်အန္တရာယ်ဟူသမျှကို တွန်းလှန်သွားမည်မှာ တပ်မတော်ပင်ဖြစ်သည်။

နိုင်ငံနှင့်ပြည်သူအတွက် အားထားရသည့် တပ်မတော်သည် ပြည်သူများက ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ပင်ဖြစ်သည်။ ထိုကဲ့သို့ သမိုင်းအစဉ်အလာကောင်းသော တပ်မတော်သည် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ထက်မြက်သည်မှာလည်း အမှန်ဖြစ်သည်။

စည်းကမ်းကောင်းမွန်ပြီး စိတ်ဓာတ်ခိုင်မာမြင့်မြတ်သော တပ်မတော်သည် စတင်ပေါက်ဖွားလာစဉ်အချိန်မှစ၍ ယနေ့တိုင်အောင် အမျိုးသားရေး သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

ထိုကဲ့သို့ အစဉ်အလာကြီးမားသော တပ်မတော်အဖြစ် သမိုင်းမော်ကွန်းတင်ထားသည့် နေ့တစ်နေ့မှာ တပ်မတော်နေ့ဖြစ်သည်။ ကမ္ပည်းမော်ကွန်းထိုးခဲ့သည့် တပ်မတော်နေ့မှာ (၆၈) နှစ်တိုင်ခဲ့ပြီ။ ယခုနှစ်တပ်မတော်နေ့တွင် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး၊ ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် ဖြစ်ပေါ်လာစေရေး ဟူသည့်ဦးတည်ချက်ကို ချမှတ်ထားသည်။

ထိုဦးတည်ချက်များနှင့်အညီ တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်သွားမည့်အပြင် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ကာကွယ်စောင့်ရှောက်သွားမည်ဟု ယုံကြည်ပါသည်။ ။

နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် နို့စားနွားများများမွေးမြူ

နေပြည်တော် မတ် ၂၆

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာအုပ်စု၌ တစ်ပိုင်တစ်နိုင် နို့စားနွားမွေးမြူထားသော တောင်သူများအား မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် မတ် ၂၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တွေ့ဆုံ၍ နွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနမှ ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ ကျန်းမာရေးအရ လူလတ်ပိုင်းနှင့် လူကြီးများအနေဖြင့် အသက်အရွယ်ကြီးမြင့်လာချိန်တွင် အရိုးပွရောဂါ မဖြစ်ပွားစေရန် နွားနို့အဓိက သောက်သုံးရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူအများ နွားနို့ပေါပေါ များများသောက်သုံးစေနိုင်ရန်အတွက် နို့စားနွား များများမွေးမြူထုတ်လုပ်ရန် လိုအပ်ကြောင်းနှင့် ဒေသအတွင်း နို့စားနွား မွေးမြူရေးအပြင် ဝက်နှင့် ဒေသကြက်မွေးမြူရေးပါ တိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူရေး အထောက်အကူဖြစ်စေရန် အလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၂၆

၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က အဖွင့်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဘရူနိုင်း၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် သံအမတ်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ တာဝန်ယူရေးအတွက် အာဆီယံအသိုက်အဝန်းသုံးခုအောက်ရှိ ဝန်ကြီးဌာနများ၌ ပြင်ဆင်ဆောင်ရွက်ထားမှုများ၊ အာဆီယံအသိုက်အဝန်း ထူထောင်မှု၊ အာဆီယံဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများမှ အတွေ့အကြုံနှင့် အစီအစဉ်များ၊ မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာ၌ အလေးထားဆောင်ရွက်သွားမည့် ကဏ္ဍများနှင့် အစီအစဉ်များ၊ အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံဥက္ကဋ္ဌနိုင်ငံသို့ ပံ့ပိုးကူညီသွားမည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံတို့ကို ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ-အမေရိကန် နည်းပညာအကူအညီပေးရေးနှင့် သင်တန်းဆိုင်ရာ အစီအစဉ်တို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံသင်္ဘောကျင်းသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မတ် ၂၆

အလုံသင်္ဘောကျင်းမှ ဒဂုံမြို့သစ်မြို့နယ် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း ဝန်ထမ်းအိမ်ရာသို့ ဝန်ထမ်းမိသားစုများ ပြောင်းရွှေ့ရောက်ရှိလာမှုနှင့်နောက်ဆုံးအသုတ်ပြောင်းရွှေ့မည့်အခြေအနေ၊ သင်္ဘောကျင်းရုံးအဖွဲ့များ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ ပြောင်းရွှေ့မှုများနှင့် လျှပ်စစ်မီးတပ်ဆင်ထားမှု၊ အသစ်တည်ဆောက်နေသည့် လွန်းလမ်းများ၊ လေအိတ်လွန်းကျင်းများ၊ ဆိပ်ခံတံတားများ တည်ဆောက်နေမှုနှင့် အသစ်တည်ဆောက်နေသော တန် ၃၀၀ ဘက်စုံသုံး KaLaTan ရေယာဉ်အမှတ်(၃) နှင့် (၄)တို့ စတင်တည်ဆောက်နေမှု အခြေအနေတို့အား ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်သည် မတ် ၂၅ ရက် နေ့နံနက် ၉ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မဟာအောင်မြေရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ကျောင်းတိုက် ရွှေဘုံသာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယမအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာ ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူသည်။

အဆိုပါမဟာမင်္ဂလာအခမ်းအနားများသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

ဒုတိယသမ္မတ ဦးညဏ်ထွန်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရိန္ဒမအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

○ စာမျက်နှာ ၃ မှ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ ဦးရွှေမော်အား ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တော်ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မဟာမင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက အခမ်းအနားဖွင့် စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ် မော်လမြိုင်မြို့ မဟာရင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တအာဒိစ္စက သမ္မောဒနီယ သြဝါဒကထာကို ချီးမြှင့်ဖတ်ကြားတော်မူသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်း သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရ ဦးထွန်းနိုင်ဦးအား ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ ကတိုးကျေးရွာ မဟာရင်ပရိယတ္တိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒဝံသတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ကွမ်းခြံရပ်ကွက် ဒဟတ္တောကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇာတသာရနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မဟာအောင်မြေရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မိုးထိတိုက် စည်သာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရိန္ဒမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သိုက်ကုန်းရွာ သိုက်ကုန်းကျောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏဒီပ၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ကျောင်းတိုက် ရွှေဘုံသာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမနှင့် ရှမ်းပြည်နယ် တာချီလိတ်မြို့ ဝမ်းကောင်းရပ်ကွက် ထေရဝါဒတောင်တန်းသာသနာပြု ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တရေဝတတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ ဥက္ကဋ္ဌ ဦးမြသိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးသုံးပါး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းက

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရှမ်းပွဲရွှေဘုန်းရှိန်ရပ်မှ ဦးကျော်ဝင်းအား ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစ ကပဏ္ဍိတ၊ ကမ္မဋ္ဌာနာစရိယနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်က အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက် ဓမ္မမေဒနီကျောင်းတိုက်မှ ဆရာကြီး ဒေါ်ပညာဝတီ၊ စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် ဇေယျသိင်္ဂီချောင်မှ ဆရာကြီးဒေါ်ဓမ္မသီရိနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် သမိဒ္ဓေါဒယချောင်မှ ဆရာကြီးဒေါ်ပညာသိင်္ဂီ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မော်လမြိုင်သီလရှင်စာသင်တိုက် ဇမြို့ချောင်မှ ဆရာကြီး ဒေါ်ခေမာစာရီ၊ နီပေါနိုင်ငံ ခတ္တာမန္ဒူမြို့ Swayumbu ရပ်ကွက် Kimdol ကျောင်း သီလရှင်ဆရာကြီး ဒေါက်တာဒေါ်ဓမ္မဝိဇယနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲနယ်မြေ စက်မှုဇုန်ကွက်သစ် ပရဟိတသာသနဝေပုလ္လကာရီသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ဂန္ဓသာရီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ကယားပြည်နယ် လွိုင်ကော်မြို့ လောဓမ္မရပ်ကွက် မဟာဓမ္မဝိဟာရီသီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်းဆရာကြီး ဒေါ်ထေရညာဏီနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက် အမှတ်(၂၅) ရတနာသိင်္ဂီ(ပရဟိတ) သီလရှင်သင်ပညာရေးကျောင်းဆရာကြီး ဒေါ်က္ကန္ဒသိင်္ဂီတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနာနုဂ္ဂဟဘွဲ့နှင့် သာသနာပြုဘွဲ့တံဆိပ်တော်ရရှိကြသူများအား ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိသည့် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း Medam မီဒန်းမြို့ JI. SUMOTO, No(201,203,205) နေ မစ္စတာတွန်ဂါ ရီယိုဂျို အန်ကာစာနှင့် သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အနော်ရထာလမ်း မြို့မရပ် အမှတ်(၁)နေ ဦးနန္ဒ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရှမ်းပွဲရွှေဘုန်းရှိန်ရပ် အမှတ်(၆၅၃/၁၆)နေ ဦးကျော်ဝင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဒေါင်းမကျေးရွာနေ ဦးစိုးနိုင်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ ကျောက်မြောင်းရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်(၂)နေ ဦးတိုးတိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ယုဇနကွန်ဒိုတာဝါ အခန်းအမှတ်-၅၀၇၊ အမှတ်(၆၉)နေ ဒေါက်တာလှဝင်းအောင်နှင့် သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အရှေ့ရှမ်းကုန်းရပ် မောင်ကလေးလမ်း အမှတ်(၄၆)နေ ဦးချစ်စိန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ တမာမြိုင်ရပ်ကွက် အောင်မင်္ဂလာလမ်း အမှတ် တ-မ-န (၁၇၉)နေ ဦးကျောက်ခဲတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်

စာမျက်နှာ ၅ ကော်လံ ၁ သို့◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

◆ စာမျက်နှာ ၄ မှ

ရွှေတောင်ကြား (၂)ရပ်ကွက် ရွှေတောင်ကြားလမ်း အမှတ်(၃၉/ဘီ)နေ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် နှောင်ရိုးလမ်း အမှတ်(အေ/၃၉)နေ ဦးသန်းဝင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ သိမ်ကုန်းရပ်ကွက် အောက်လမ်းမကြီး အမှတ်(၅၄၁)နေ ဦးလှထွန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ် ရိပ်သာလမ်း အောင်မြင့်မိုရ် ရေခဲစက်ပိုင်ရှင် ဦးမောင်ယုတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းနှင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က သုဓမ္မမဏိဇောတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိကြသူများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်က အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် အင်းလျားရိပ်သာလမ်း အမှတ်(၆/က)နေ ဒေါ်မြရင်၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ထိန်ကန်ရပ်ကွက် အမှတ်(၄)နေ ဒေါ်အေးအေးချို့နှင့် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် (၄)ရပ်ကွက် (၁၉)လမ်း အပေါ်ဘလောက် အမှတ်(၁၅၂/၁၅၄)နေ ဒေါ်နန်းမောက်လောဝ်ဆိုင်နှင့် သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ် ဝါးတန်းလမ်း အမှတ် (၂၅၃)နေ ဒေါ်ခင်ရှိန်၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၇) ရပ်ကွက် "စိန်ဂေဟာ" သီရိမင်္ဂလာရိပ်သာ အမှတ်(၂၅/အီး)နေ ဒေါ်ခင်ခင်စိန်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ် ၈၃လမ်း× လမ်း ၂၀၊ အမှတ်(ခ/၃၆)နေ ဒေါ်ခင်လှသင်းတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်က သီဟသုဓမ္မသိင်္ဂီဘွဲ့ တံဆိပ်တော်ရရှိကြသည့် မကွေးတိုင်းဒေသကြီး မကွေးမြို့ ကန်သာရပ်ကွက် ကန်သာ(၁၄)လမ်း အမှတ်(စီ-၂-၃၄၆)နေ ဒေါက်တာနီလာသိန်း(မျက်စိအထူးကုဆရာဝန်ကြီး)၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ဖိုးစိန်လမ်း အမှတ်(၂၇/က)နေ ဒေါ်ခင်လဲ့လဲ့ဝင်း(ခ) ဒေါ်လဲ့လဲ့ဝင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဆ-၁၂ရပ်ကွက် ခိုင်ရွှေဝါလမ်းကြားနှင့် မနော်ဟရီလမ်းကြား၊ ၆၈ လမ်း အမှတ်(၄၅/၄၆)နေ ဒေါ်ငြိမ်း ငြိမ်း (ခ) ဒေါ်ငြိမ်းငြိမ်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၇)ရပ်ကွက် ၃၉လမ်းနှင့် ကုန်သည်လမ်းထောင့် အောက်ဘလောက်တိုက်အမှတ်(၅၀၆) အခန်း (အေ-၂)နေ ဒေါ်ဥမ္မာမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၅) ရပ်ကွက် ဘုရင့်နောင်လမ်း သီရိမွန်အိမ်ရာ အမှတ်(W-66)နေ ဒေါ်စန္ဒာဝင်းနှင့် သုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၈၁×၈၂ လမ်းကြား ၂၉လမ်းကြား၊ အမှတ်(၁၂၇/၁) နေ ဒေါ်အုန်း(ခ) ဒေါ်တင်အုန်း (ဦးသိန်းမောင်ရွှေဆိုင်)တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၏ ဇနီး ဒေါက်တာဒေါ်မြင့်ငွေးတို့က သုဓမ္မသိင်္ဂီဘွဲ့ရရှိကြသူများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက် သာသနာ့နုဂ္ဂဟကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ဩဝါဒကထာပရိသတ်များက အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီးဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဘာသာရေးဝတ်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိက စေတနာရှင်အလှူရှင်များက သတ်မှတ်နေရာအသီးသီးမှ ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

ယင်းသို့ လောင်းလှူကြရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်ပြည်သူများသည် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်မုခ်အဝင်လမ်းနှင့် စေတီတော်ပတ်လမ်း တစ်လျှောက်တို့ရှိ သတ်မှတ်နေရာအသီးသီးမှ ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ သဒ္ဓါကြည်ဖြူ လောင်းလှူပူဇော်ကြရာ ကြီးကျယ်ခမ်းနားလှစွာသော အလှူဒါန အောင်ပွဲသဘင်မှ ကောင်းချီးနုမော် သာဓုခေါ်သံများ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်၌ ဘဝင်လှိုက်လျက်ရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာကြီးအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ငါတို့တပ်မတော်သည် ပြည်သူများမှ ဖြစ်ပေါ်လာ၍ ပြည်သူများ၏ လွတ်လပ်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်ရန်ဖြစ်သည်။ ထို့ကြောင့် ငါတို့တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း (၂၉-၁၂-၁၉၄၄) ရန်ကုန်

ဒီမိုကရေစီနိုင်ငံသစ်၏ ခေတ်မီမျိုးချစ်တပ်မတော်

ပန်းတောင်းသန်းကြွယ်

ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံမှန်သမျှသည် နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့ကို ထူထောင်ထားကြရသည်။ နိုင်ငံတည်တံ့ခိုင်မြဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ လက်နက်ကိုင်အင်အားတစ်ရပ်ကို အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတိုင်းက မလွဲမသွေ ထူထောင်ထားရှိရန်လိုအပ်ပေသည်။

တပ်မတော်ဟူသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအတွက် အသက်တမျှအရေးပါလှသော အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာ ကိစ္စများကို ဦးလည်မသုန်ထမ်းဆောင်ရသော အဖွဲ့အစည်းပင်ဖြစ်သည်။ ပါတီနိုင်ငံရေးနှင့် မစပ်ယှက်၊ မပတ်သက်၊ မဆက်နွှယ်ဘဲ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ရွက်လျက် ဦးဆွေးဆံမြည့် ထမ်းဆောင်ရသော အဖွဲ့အစည်းကြီးဖြစ်သည်။

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးတည်းဟူသော နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်ချက်မှန်သမျှကို အခိုင်အမာ ကာကွယ်စောင့်ရှောက်ဖြည့်ဆည်းသွားရန်မှာ တပ်မတော်၏ အဓိကတာဝန်ပင်ဖြစ်သည်။ တပ်မတော်၏ အဓိကတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းသည်ပင်လျှင် တိုင်းပြည်၏ အချုပ်အခြာအာဏာကို မထိပါးအောင် ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘီစီ(၃)ရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာ စသည်ဖြင့် ပဒေသရာဇ်နိုင်ငံများ ထူထောင်၍ ကိုယ့်မင်း ကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းက ပြန့်ကျဲနေသော ဒေသများကိုစုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည်။ တောင်ငူကိုအခြေပြု၍ ဘုရင့်နောင်မင်းတရားက အစည်းပြေနေသော ဒေသများကို ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရွှေဘိုကိုအခြေပြု၍ အလောင်းမင်းတရား ဦးအောင်ဇေယျက တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ ထိုခေတ်ထိုကာလများသည် မြန်မာတို့၏ သမိုင်းဝင်ရွှေခေတ်များပင်ဖြစ်သည်။ တိုင်းရင်းသားများစည်းလုံးညီညွတ်မှု အားကောင်းခဲ့သည်။ အင်အားတောင့်တင်းခိုင်မာသော လက်နက်ကိုင်အင်အား သို့မဟုတ် မြန်မာ့တပ်မတော်ရှိခဲ့သည်။

၁၉ ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်းတို့၏ အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

ဗြိတိသျှတို့နှင့် စစ်ပွဲသုံးကြိမ်ဆင်နွှဲပြီး မြန်မာတို့ ရှုံးနိမ့်ခဲ့ရသည့် အကြောင်းရင်းကို ဆန်းစစ်ပါက တိုက်ပွဲတွင် ကိုင်ဆောင်အသုံးပြုသည့် သေနတ်လက်နက်ကွာဟခြင်း၊ ခေတ်မီသေနတ်လက်နက်များနှင့် ကိုက်ညီမည့် စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာအားနည်းခြင်း၊ သိပ္ပံပညာနှင့် စက်မှုအတတ်ပညာ ထွန်းကားမှု ကွာဟခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်ကြောင်း တွေ့ရှိရသည်။

ဗြိတိသျှနယ်ချဲ့လက်အောက်တွင် သူ့ကျွန်အဖြစ် မနေလိုကြသော မြန်မာတိုင်းရင်းသားသူရဲကောင်းများက မပြတ်တရစပ်တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ဂုဏ်ရောင်ပြောင်စွာ ပြသနိုင်ခဲ့ကြသည်။

၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်မီး စတင်လောင်မြိုက်ချိန်တွင် နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ရန် မြန်မာလူငယ်တို့က စတင်ကြိုးပမ်းကြသည်။ သခင်အောင်ဆန်း၊ သခင်ရှုမောင် စသော မြန်မာလူငယ်တို့သည် ဂျပန်နှင့်အဆက်အသွယ်ရကာ ဂျပန်ပြည်သို့ လျှို့ဝှက်ထွက်ခွာခဲ့ကြသည်။ မြန်မာပြည်မှစွန့်စားထွက်ခွာခဲ့ကြသော မြန်မာလူငယ်ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ်အတွင်း ဂျပန်တို့က အပြင်းအထန် လေ့ကျင့်သင်ကြားပေးသော စစ်သင်တန်းကို တက်ရောက်သင်ယူခွင့်ရခဲ့ကြသည်။

ရဲဘော်သုံးကျိပ်တို့က ဦးဆောင်၍ ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ တပ်မတော်၏ မူလရည်ရွယ်ချက်အတိုင်း ဗြိတိသျှနယ်ချဲ့တို့အား တိုက်ထုတ်တော်လှန်ခဲ့ကြသည်။ ပြည်သူအပေါင်းကလည်း တပ်မတော်နှင့်ပူးပေါင်း၍ နယ်ချဲ့တို့အား တိုက်ထုတ်တော်လှန်ခဲ့ကြသည်။ နယ်ချဲ့တို့ ဆုတ်ခွာပြေးသွားပြီးနောက် ဂျပန်တို့က အနှောင်အဖွဲ့ကင်းမဲ့သည့် လွတ်လပ်ရေးကြေညာပေးမည်ဟူသော ကတိအား ဖျက်ခဲ့ကြသည်။

> ★ တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားကာ ကြီးမားသော အစဉ်အလာကိုပြဆိုသည့် သမိုင်းဆက်ကို ရေးသားမော်ကွန်းထိုးလျက်။

၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖက်ဆစ်တို့အလိုကျ ဖျက်သိမ်းခဲ့ရပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ရသည်။ အသစ်ဖွဲ့စည်းထားသော ဗမာ့ကာကွယ်ရေးတပ်မတော်၏အင်အားမှာ ၃၀၀၀ ခန့်သာရှိတော့သည်။ ထုထည်အင်အား ကြီးမားလာသည့် မြန်မာ့လက်နက်ကိုင်အင်အားကို ဖက်ဆစ်တို့က လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေးရရှိကြောင်း ကြေညာပြီးနောက် ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဗဟိုစစ်အဖွဲ့ချုပ်ကြီး(ကာကွယ်ရေးကောင်စီ)က အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA) ကို ဗမာ့တပ်မတော် (BNA) အဖြစ် ပြောင်းလဲအမည်ပေးရန်ဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တို့ကြေညာပေးသည့် လွတ်လပ်ရေးမှာ အတုအယောင် ရွှေရည်စိမ်လွတ်လပ်ရေးသာဖြစ်ပြီး ပြည်သူတို့အပေါ် ယုတ်မာရိုင်းပျစွာ ဖိနှိပ်ခြင်း၊ ရက်စက်ခြင်းများကို ကျူးလွန်လာကြသည်။ ထို့ကြောင့် ဗမာ့တပ်မတော်သည် ပြည်သူတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ ဖက်ဆစ်စနစ်ဆိုးအား တိုက်ဖျက်ရန် ပြင်ဆင်ခဲ့ရသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကမ္ဘာသိ ဖက်ဆစ်တော်လှန်ရေးကြီးကို ဗမာ့တပ်မတော်က ဦးဆောင်လျက် တစ်နိုင်ငံလုံး အုံကြွဆင်နွှဲခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ပြည်သူတို့၏ ထောက်ခံလက်တွဲပူးပေါင်းမှုကို ရရှိခဲ့သည့် တပ်မတော်သည် မိမိထက်စစ်လက်နက်အင်အားကြီးမားသော ဖက်ဆစ်တို့ကို ပြတ်ပြတ်သားသားတော်လှန်တိုက်ခိုက်ကာ အနိုင်ရယူ၍ အောင်ပွဲခံနိုင်ခဲ့သည်။

ဗြိတိသျှတို့သည် ဖက်ဆစ်ဂျပန်ကို စွမ်းစွမ်းတမံတော်လှန်တိုက်ခိုက်ခဲ့သော မျိုးချစ်ဗမာ့တပ်မတော်၏ သတ္တိအရည်အသွေးကို လည်းကောင်း၊ ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားကို လည်းကောင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီးနောက် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရတော့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့တို့လက်မှ လုံးဝလွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တပ်မတော်က ကိုယ့်ထူးကိုယ်ချွန် စတင်ရပ်တည်နိုင်ခဲ့သည့် မတ်လ ၂၇ ရက်နေ့ကို မြန်မာ့သမိုင်းမော်ကွန်းတွင် တပ်မတော်နေ့အဖြစ် ကမ္ပည်းတင်သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရပြီးနောက် နယ်ချဲ့ပယောဂကြောင့် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲများဖြင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲကာ ပြည်တွင်းဆူပူသောင်းကျန်းမှုများဖြစ်ပေါ်လာခဲ့သည်။ တပ်မတော်သည် အမျိုးသား အကျိုးစီးပွားကို သစ္စာစောင့်သိပြီး ပြည်တွင်းသောင်းကျန်းသူများနှင့် ပြည်ပကျူးကျော်သူများ နှိမ်နင်းတိုက်ခိုက် မောင်းထုတ်ပေးခဲ့ရသည်။ ပြည်သူများကြားမှ ပေါက်ဖွားခဲ့သော မျိုးချစ်တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲအောင် ပြည်တွင်းပြည်ပရန်အန္တရာယ်မှ ကာကွယ်ပေးရသည့် စစ်ရေးတာဝန်ကို တစိုက်မတ်မတ်ထမ်းဆောင်ရခြင်းနှင့်အတူ နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့် အခြေအနေဆိုးများ ကြုံလာသည့်အခါတိုင်း နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကိုပါ ဆောင်ရွက်ပေးခဲ့ရသည်။ တပ်မတော်၏ ပခုံးထက်သို့ ယင်းတာဝန်များကျရောက်လာတိုင်းလည်း ပီပီပြင်ပြင်နှင့် ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သည်သာဖြစ်သည်။

၁၉၅၈ ခုနှစ်က ပထမအကြိမ် နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ အိမ်စောင့်အစိုးရဖွဲ့စည်းလျက် ရွေးကောက်ပွဲကြီးကို ကျင်းပပေးနိုင်ခဲ့သည်။ ထိုဆောင်ရွက်မှုသည် သွေးချောင်းစီးစေမည့် အစိုးရအကွဲအပြဲကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်သကဲ့သို့ ပါလီမန်ဒီမိုကရေစီစနစ်ကို နည်းစနစ်ကျနအောင် ထိန်းသိမ်းပေးခဲ့ရခြင်းလည်းဖြစ်သည်။

၁၉၆၂ခုနှစ်ရောက်သောအခါ အာဏာရအစိုးရအဖွဲ့၏ ပျော့ကွက်ဟာကွက်များကြောင့် တိုင်းရင်းသားလူမျိုးများအတွင်း မကျေမလည်မှုများ ပေါ်ပေါက်လာပြီး ပြည်ထောင်စုပြိုကွဲမည့် အခြေအနေဆိုးနှင့် ကြုံတွေ့ခဲ့ရပြန်သည်။ လွတ်လပ်ရေးပြန်လည်ဆုံးရှုံးမည့်အရေးကို လက်ပိုက်ကြည့်မနေနိုင်သော တပ်မတော်က နိုင်ငံတော်အာဏာကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဒုတိယအကြိမ် ထိန်းသိမ်းကာ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသည့် ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ရပြန်သည်။ တပ်မတော်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော တော်လှန်ရေးကောင်စီက ပြည်သူများဆန္ဒရှိနေသော ဗိုလ်ချုပ်အောင်ဆန်းလိုလားခဲ့သည့် ဆိုရှယ်လစ်ဇင်ခေါ် အများကောင်းစားရေးဝါဒကို အုတ်မြစ်တိုင် စိုက်ထူပေးခဲ့ရခြင်းပင်ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် တစ်ပါတီစနစ်ကို ဆန့်ကျင်သော နိုင်ငံရေးလှုပ်ရှားမှုများ ပြည်သူများအတွင်း ပေါ်ပေါက်လာခဲ့ပြန်သည်။ မြေပေါ်မြေအောက် သောင်းကျန်းသူများက ထိုလှုပ်ရှားမှုကို အခွင့်ကောင်းယူကာ သွေးထိုးလှုံ့ဆော်လာကြသည်။ မင်းမဲ့စရိုက်ကို ပုံဖော်အသက်သွင်းလာကြသည်။ အမျိုးသားရေးကို သစ္စာစောင့်သိသော တပ်မတော်က နိုင်ငံတော်ပြိုကွဲမည့်အရေးကို လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ နိုင်ငံတော်အာဏာကို တတိယအကြိမ် ထိန်းသိမ်းခဲ့ရပြန်သည်။ နိုင်ငံတော်တစ်ဝန်းမီးဟုန်းဟုန်းတောက်တော့မည့် အခြေအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲတော့မည့် အခြေအနေဆိုးများကို အချိန်မီတားဆီးကာကွယ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားကာ ကြီးမားသော အစဉ်အလာကိုပြဆိုသည့် သမိုင်းဆက်ကို ရေးသားမော်ကွန်းထိုးလျက်ရှိသည်။ တပ်မတော်ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန်လိုအပ်ချိန်၌ နိုင်ငံရေးသမားဘဝမှ မျိုးချစ်တပ်မတော်သားဘဝကို ကူးပြောင်းခဲ့ကြပြီး နိုင်ငံရေးအရတိုက်ပွဲဝင်ရမည့်အချိန်၌လည်း အမျိုးသားနိုင်ငံရေးသမားဘဝသို့ ပြန်လည်ကူးပြောင်းသွားကြရသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံရေးအရရော စစ်ရေးအရပါ နိုင်ငံတော်သမိုင်းတွင် ထွန်းပြောင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အား တောင့်တင်းရန် လိုအပ်သည်ဟုခံယူထားရှိလျက် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားညီအစ်ကိုတို့နေထိုင်ရာ ဒေသအသီးသီးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းကာ ထာဝရငြိမ်းချမ်းရေးရရှိရန်မှာ အဓိကလိုအပ်ချက်ဖြစ်နေပေသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ်အခြေခံလျက် ယခင်ကနှင့်မတူသည့်မူများကို ကျင့်သုံး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေများကောင်းမွန်လျက်ရှိသည်။ နိုင်ငံတော်ကို လက်နက်ကိုင်ဆန့်ကျင်နေသည့် အဖွဲ့များနှင့် ဖိတ်ခေါ်တွေ့ဆုံညှိနှိုင်း၍ ထာဝရ ငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးမှု၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှု၊ ထာဝရ ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် သဘောတူလက်မှတ်ရေးထိုးမှုဟူသည့် အဆင့်သုံးဆင့် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လက်နက်ကိုင်အဖွဲ့အစည်း (၁၁)ဖွဲ့အနက် (၁၀)ဖွဲ့မှာ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးသဘော တူညီမှုရရှိခဲ့ပြီး KIA/ KIO တစ်ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများအကြိမ်ကြိမ်ပြုလုပ်၍ ညှိနှိုင်းအဖြေရှာလျက်ရှိနေပြီဖြစ်ရာ မကြာမီထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုများ ရုပ်လုံးပေါ်လာတော့မည်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများအောင်မြင်ပြီးမြောက်ရေးသည် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အထူးပင်အရေးကြီးလှသည်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှု၊ နိုင်ငံရေးတည်ငြိမ်မှုများအပေါ်တွင် အခြေခံ၍ နိုင်ငံတကာ၏ သဘောထားအမြင်များပြောင်းလဲဖြစ်ပေါ်လာခြင်း၊ ပြည်ပအရင်းအနှီးများ အများအပြားဝင်ရောက်လုပ်ကိုင်လာနိုင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ဂုဏ်ရှိန်မြင့်မားလာနိုင်ခြင်းစသော ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများ၊ အခွင့်အလမ်းများကို ရရှိခံစားနိုင်မည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာမည့် ပြည်သူတို့၏ လူမှုစီးပွားဘဝ အစဉ်ဖွံ့ဖြိုးစည်ပင်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အဓိကတာဝန်ယူထားရသော တပ်မတော်အနေဖြင့်လည်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ဆက်လက်တည်ဆောက်သွားရမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိပြီးသည့်နောက်တွင် တပ်မတော်သည် တစ်ခုတည်းသော အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် သို့မဟုတ် လက်နက်ကိုင်ကာကွယ်ရေးအင်အားစုကြီးအဖြစ် ထီးထီးမားမားရပ်တည်နိုင်အောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။ ။

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်ထားသည့် ဥပ္ပါတသန္တိစေတီတော်၏ လိုဏ်တော်အတွင်းရှိ မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် မဟာမဏိမယရတနာကျောက်စိမ်း ရုပ်ပွားတော်အား ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၆

နေပြည်တော်ရှိ ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်ထားသည့် ဥပ္ပါတသန္တိစေတီတော်၏ လိုဏ်တော်အတွင်းရှိ မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ပဉ္စမအကြိမ် ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ချီးမြှင့်တော်မူကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်၊ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက စေတီတော် လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် စေတီတော်ရင်ပြင်အရှေ့မြောက်ထောင့် ဂန္ဓကုဋီတိုက် ကျောင်းဆောင်တော်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်၊ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့်ရေချမ်းတော်တို့ကို ဆက်ကပ်လှူဒါန်းဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ကုသိုလ်တော်မင်္ဂလာဆည်းပူးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၆၈)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

အများပြည်သူအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ကြိုးစားစီစဉ်ပေးသွားမည်

နေပြည်တော် မတ် ၂၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပုံမှန်ဓာတ်အားပေးထုတ်လုပ်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များအပြင် ကျွန်းချောင်းစက်ရုံမှ တာဘိုင်စက် နှစ်လုံး၊ ရွှေတောင်၊ မြန်အောင်နှင့် မော်လမြိုင်စက်ရုံများမှ တာဘိုင်စက်တစ်လုံးစီအား ထပ်မံလည်ပတ်ဓာတ်အား ထုတ်လုပ်၍လည်းကောင်း၊ ကုန်ထုတ်လုပ်ငန်းအချို့နှင့် စက်မှုလုပ်ငန်း အချို့အား ခေတ္တဓာတ်အားပိတ်၍လည်းကောင်း ဆောင်ရွက်ခြင်းအားဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကာလဖြစ်သော ၂၀၁၃ ခုနှစ် မတ် ၁ ရက်မှ ၂၂ ရက်အထိ အများပြည်သူသို့ လျှပ်စစ်ဓာတ်အား အဆင်ပြေစွာသုံးစွဲနိုင်ရေးအတွက် ကြိုးစားစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရန်ကုန်မြို့၌ အသစ်တိုးချဲ့တည်ဆောက်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်များ ရောက်ရှိပြီးဖြစ်သဖြင့် စက်လည်ပတ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ နွေရာသီကာလတစ်လျှောက်လုံးတွင် ဓာတ်အားအလွန်အကျွံမလောက်ငမှု မဖြစ်ပေါ်ရေးအတွက် မိုးလွန်ကာလမှစ၍ ကြိုတင်ထိန်းသိမ်းမောင်းနှင်ခဲ့သော ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားဖြည့်စွက်ထုတ်လုပ်ခြင်းဖြင့် ၂၀၁၃ခုနှစ် ဧပြီ ၃၀ ရက် အထိ နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့ နံနက် ၅ နာရီအထိ အများပြည်သူအား လျှပ်စစ်ဓာတ်အား အဓိကဖြန့်ဖြူးပေးနိုင်ရန် ဆက်လက်ကြိုးစားစီစဉ်ပေးသွားမည်ဖြစ်သည်။

၂၀၁၃ ခုနှစ် မေလတွင် အထက်ပါအစီအစဉ်အတိုင်း အများပြည်သူအား လျှပ်စစ်ဓာတ်အား အဓိကဦးစားပေး ဖြန့်ဖြူးပေးနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနနှင့် ထပ်မံပူးပေါင်းညှိနှိုင်း၍ ကျွန်းချောင်း၊ ရွှေတောင်၊ မြန်အောင်နှင့် မော်လမြိုင်စက်ရုံများမှ တာဘိုင်စက်များအား ထပ်မံလည်ပတ် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင် သတိယုဉ် ဝန်အားမမျှ မသုံးရ

တပ်မတော်သည် တိုင်းပြည်အတွက်

✲ တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်ကို
ချစ်ကြည်လေးနက်၊ ယုံကြည်ချက်ဖြင့်
အသက်ကိုစတေး၊ သွေးကိုပေးခဲ့
သို့ပေးခဲ့ကြောင်း၊ သွေးတို့ပေါင်းသော်
သွေးချောင်းပင်လယ် ဝေလောက်ပြီ။
✲ တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်နှင့်
ချစ်သည် မယား၊ ဆွေမျိုးအားလည်း
ထားခဲ့ခြားခဲ့၊ ခွဲခွာခဲ့၏
ခွဲခဲ့သဖြင့်၊ ငွေကြယ်ပွင့်တို့
ကြွေလွင့်သည်မှန်း၊ တရည်တမ်းသော်
ကြယ်ပန်းသမုဒ္ဒရာ တိုင်လိမ့်မည်။
✲ တပ်မတော်သည်၊ ကိုယ့်တိုင်းပြည်ကို
စွန့်ရှည်စေရေး၊ အစဉ်တွေးလျက်
ဒို့အရေးသုံးပါး၊ အလေးထားတာ
စွန့်စားသက်နှင်း၊ ရန်ကိုရှင်း၏
သို့ရှင်းရာက၊ ကြွေလွင့်ရလည်း
ကြွေကျမဆန်း၊ စွန့်နိုင်စွမ်းသည်
အလွမ်းတို့ဆင့်၊ ပန်းတို့ပွင့်သော်
ပန်းမြင်းမိုရ်တောင် မကပြီ။
✲ တပ်မတော်သည်
တိုင်းပြည်အတွက်၊ လိုအပ်ချက်ကြောင့်
သွေးသက်မမှု၊ ပြည်ကျိုးရှုလျက်
ပြည်သူ့ရင်ကြား၊ နှလုံးသားမှ
ပေါက်ဖွားခဲ့ရ၊ ဆန်းစစ်ကလျှင်
"ဗမာ့လွတ်လပ်ရေး တပ်မတော်
ဗမာ့ကာကွယ်ရေး တပ်မတော်
မျိုးချစ်ဗမာ့တပ်မတော်
ယနေ့ ပြည်သူ့တပ်မတော်"
ဖြစ်ကျော်ကာလ၊ ကြာမြင့်လှလည်း
ရှေးက ပန္နက်၊ ယုံကြည်ချက်ကို
မပျက်အမှန်၊ ဦးထိပ်ပန်၏
နိုင်ငံအရှည်၊ ကမ္ဘာတည်ဖို့
စွမ်းရည်ဆင့်ထပ်၊ သက်နှင်းအပ်မည်
မြင့်မြတ်ဝိဋ္ဌာန် ခိုင်မာလျက်။
မပျက်မူလခံယူချက်။
တပ်မတော်သည် တိုင်းပြည်အတွက်။ ။

မြင်းမူမောင်နိုင်မိုး

၂၀၁၃ ခုနှစ် နေပြည်တော်ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အားပေး

နေပြည်တော် မတ် ၂၆

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် လေ့ကျင့်ရေးစခန်း-၁ နေပြည်တော်၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် နေပြည်တော်ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်၊ ပြိုင်ပွဲဝင်နိုင်ငံများမှ ကစားသမားများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲများအပြီးတွင် ပြိုင်ပွဲအထိမ်းအမှတ်ဓားအား ပြန်လည်အပ်နှံပြီး ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ပြိုင်ပွဲအမှတ်တရလက်ဆောင်ကို ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့အား ပေးအပ်သည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်တို့က ဆုများ ပေးအပ်ချီးမြှင့်ပြီး ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြိုင်ပွဲဝင်နိုင်ငံများမှ ကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။**(ဝဲပုံ)**

ဖိတ်ခေါ်ပြိုင်ပွဲသို့ မြန်မာ(က)၊ မြန်မာ(ခ)၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာ(က)က ရွှေ ခြောက်ခု၊ ငွေ ခုနစ်ခု၊ ကြေး ခြောက်ခု၊ မြန်မာ(ခ)က ရွှေ လေးခု၊ ငွေ တစ်ခု၊ ကြေး သုံးခု၊ အင်ဒိုနီးရှားက ရွှေ ခုနစ်ခု၊ ငွေ သုံးခု၊ မလေးရှားက ရွှေ သုံးခု၊ ငွေ ရှစ်ခု၊ ကြေးခုနစ်ခု၊ ထိုင်းက ငွေ တစ်ခု၊ ကြေး လေးခုတို့ အသီးသီးရရှိခဲ့ကြသည်။

(သတင်းစဉ်)

တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်ရင်ပြ

နေပြည်တော် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲတွင် မြန်မာအသင်း ရွှေ ၁၀၊ ငွေ ရှစ်ခု၊ ကြေး ကိုးခုဖြင့် ဗိုလ်စွဲ

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော နေပြည်တော် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲခေါ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲကို မတ် ၂၄ ရက်က ကျင်းပခဲ့ရာ မတ် ၂၆ ရက် နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးရာ မြန်မာအသင်းက ရွှေတံဆိပ် ၁၀ ခုဖြင့် ဗိုလ်စွဲကာ အောင်မြင်မှုများ ရရှိခဲ့သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် (က)အသင်းနှင့် (ခ)အသင်း နှစ်သင်းခွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ (က)အသင်းက ရွှေ ခြောက်ခု၊ ငွေ ခုနစ်ခု၊ ကြေး ခြောက်ခုရရှိခဲ့ပြီး မြန်မာ(ခ)အသင်းက ရွှေ လေးခု၊ ငွေ တစ်ခု၊ ကြေး နှစ်ခု ရရှိခဲ့ကြောင်း သိရသည်။

မတ် ၂၆ ရက် နံနက်ပိုင်း နောက်ဆုံးပွဲစဉ်များ မတိုင်မီ မတ် ၂၅ ရက် ည ၈နာရီတွင် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းအပြပွဲစဉ်များနှင့် အမျိုးသားနှစ်ယောက်တွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲ အပြပွဲစဉ်များကို ကျင်းပခဲ့သည်။

ထိုပွဲစဉ်များအနက် အမျိုးသားတစ်ဦးချင်း အပြပြိုင်ပွဲတွင် မြန်မာ(က) အသင်း၊ (ခ) အသင်းနှင့် မလေးရှားအသင်းတို့မှ ကစားသမားများယှဉ်ပြိုင်ကြရာ မြန်မာ(က)အသင်းမှ ထိန်လင်းက စုစုပေါင်းရမှတ် ၄၇၀ ဖြင့် ပထမ၊ မလေးရှားမှ မိုဟာမက်တာကီယူဒင်က စုစုပေါင်းရမှတ် ၄၆၄ မှတ်ဖြင့် ဒုတိယ၊ မြန်မာ(ခ)အသင်းမှ ထက်ဝေလှိုင်က စုစုပေါင်းရမှတ် ၄၆၂ မှတ်ဖြင့် တတိယရရှိသည်။ အမျိုးသမီးတစ်ဦးချင်း အပြပြိုင်ပွဲတွင် မြန်မာ(က)နှင့်(ခ) အသင်း၊ အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့မှ ကစား သမားများယှဉ်ပြိုင်ကြရာ အင်ဒိုနီးရှားမှ ဒေဝါ အာယူအာရီပါတီဝီက စုစုပေါင်း ရမှတ် ၄၆၈ မှတ်ဖြင့် ပထမ၊ မြန်မာ (ခ) အသင်းမှ ခင်ခင်ခန့်က စုစုပေါင်း ရမှတ် ၄၆၄မှတ်ဖြင့် ဒုတိယ၊ ထိုင်းမှ အတ်တီတန်ပီမွန်ဘွန်ယောင်က စုစုပေါင်းရမှတ် ၄၅၅ မှတ်ဖြင့် တတိယရရှိကာ မြန်မာ(က)အသင်းမှ ခိုင်ကျော့ကျော့ဝေမှာ စုစုပေါင်းရမှတ် ၄၅၀ ဖြင့် စတုတ္ထသာရရှိခဲ့သည်။

အမျိုးသားနှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် မလေးရှား၊ ထိုင်းနှင့်မြန်မာ(က) အသင်းတို့မှ ကစားသမားများ ယှဉ်ပြိုင်ကြရာ မြန်မာ (က) အသင်းမှ သူရစိုးနှင့် ရဲမောင်မောင်တို့အတွဲက စုစုပေါင်းရမှတ် ၅၆၁ မှတ်ဖြင့် ပထမ၊ မလေးရှားမှ အက်ဘ်ဒူလ်ဟာနိမ်နှင့် မိုဟာမက်ဖိရက်ဒပ်စ်အတွဲက စုစုပေါင်းရမှတ် ၅၅၄ မှတ်ဖြင့် ဒုတိယ၊ ထိုင်းမှ ဝါရတ်သီတာပါကူလ်နှင့် နွယ်ဒါနိုင်ရောင်စင်ဘူးတို့အတွဲက စုစုပေါင်းရမှတ် ၅၂၉ မှတ်ဖြင့် တတိယ ရရှိခဲ့ကြသည်။

အမျိုးသမီးနှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် မြန်မာ (က) အသင်းနှင့် မလေးရှားတို့နှစ်သင်းသာ ဝင်ပြိုင်ရာ နော်စယာရန်နှင့် နော်ဟာမီဇက်တို့ မလေးရှားအတွဲက စုစုပေါင်းရမှတ် ၅၅၀ ဖြင့် ပထမ၊ ခင်သက်မွန်ဦးနှင့် စုမြတ်မွန်တို့ မြန်မာ (က)အသင်းအတွဲက စုစုပေါင်းရမှတ် ၅၂၀ ဖြင့် ဒုတိယ ရရှိခဲ့ကြသည်။

မတ် ၂၆ ရက် နံနက် ၉ နာရီတွင် အမျိုးသားသုံးယောက်တွဲအပြပြိုင်ပွဲကို ကျင်းပသည်။ ထိုပြိုင်ပွဲသို့ မြန်မာ(က)အသင်းနှင့် မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာ(က)အသင်းမှ ထက်အောင်၊ မင်းခန့်နှင့် ဟိန်းမင်းလတ်တို့အတွဲက စုစုပေါင်းရမှတ် ၄၆၈ မှတ်ဖြင့် ပထမ၊ မလေးရှားအသင်းမှ မိုဟာမက်ဖိုင်ဇက်၊ မိုဟာမက်ဖိရက်ဒပ်စ်နှင့် မိုဟာမက်တာကီယူဒင်တို့အတွဲက ၄၆၃ မှတ်ဖြင့် ဒုတိယရရှိသည်။

ထို့နောက် ၆၀-၆၅ ကီလိုတန်း အမျိုးသား အတိုက်ပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာ(ခ)အသင်းမှ ကျော်နိုင်ထွန်းက အင်ဒိုနီးရှားမှ ရိုင်ယန်ဆာဇလီကို ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အနိုင်ရဗိုလ်စွဲပြီး မြန်မာအသင်းအတွက် ၁၀ ခုမြောက် ရွှေတံဆိပ်ကို ရယူပေးနိုင်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းသည် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ရှစ်ခု၊ ကြေးတံဆိပ် ကိုးခုဖြင့် ပထမ၊ အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် သုံးခုဖြင့် ဒုတိယ၊ မလေးရှားအသင်းက ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ရှစ်ခု၊ ကြေးတံဆိပ် ခုနစ်ခုဖြင့် တတိယ၊ ထိုင်းအသင်းက ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် လေးခုဖြင့် စတုတ္ထရရှိခဲ့ကြောင်း သိရသည်။

(လေဒီ)

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

နေပြည်တော် မတ် ၂၆

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ် ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲကို မတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် Mount Pleasant စက်ဘီးကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊စင်ကာပူ၊ ဗီယက်နမ်နှင့် ဘရူနိုင်းစသည့် ပြိုင်ပွဲဝင် ခုနစ်နိုင်ငံမှ စက်ဘီးစီးကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားများအဖြစ် BMX၊ Cross Country နှင့် Down Hill ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီးနှစ်မျိုးလုံး ပါဝင်မည်ဖြစ်သည်။

မတ် ၂၇ ရက် (ယနေ့) တွင် အမျိုးသား၊ အမျိုးသမီး Cross Country ပြိုင်ပွဲကို စတင်ကျင်းပမည်ဖြစ်ပြီး မတ် ၂၈ ရက်တွင် ကျန်ပြိုင်ပွဲနှစ်မျိုးကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲအတွက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို မတ် ၂၈ ရက် ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(လေဒီ)

⁂ ကျောဖုံးမှ

လုပ်ဆောင်နေသည်ဖြစ်ရာ ယင်းလုပ်ငန်းများကို ထိခိုက်မည့် အကြမ်းဖက်မှုများ၊ ဘာသာရေးအစွန်းရောက်မှုများကို ရှောင်ရှားကြပါရန် သတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူများသို့ မတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်၍ တိုက်တွန်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုရင့်နောင်ပွဲရုံ ယာဉ်ပိတ်ဆို့မှုစံချိန်တင်

ရန်ကုန် မတ် ၂၆

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းတွင် မတ် ၂၅ ရက် (တနင်္လာနေ့)နံနက် ၉ နာရီမှ ည ၁၁ နာရီဝန်းကျင် ၁၄ နာရီကြာ ယာဉ်ပိတ်ဆို့မှုကြုံတွေ့ရရာ ပွဲရုံများ ညဥ့်နက်အထိ ကုန်ပစ္စည်းတင်ရန် စောင့်ဆိုင်းဖွင့်လှစ်ရခြင်း၊ အဝေးပြေးကားဂိတ်များ၊ ကားစီးရေပုံမှန်၏ သုံးပုံတစ်ပုံဝန်းကျင်သာ ထွက်ရှိပြီး မတ် ၂၆ ရက် နံနက်ပိုင်းအထိ အလုပ်လုပ်ရခြင်းတို့ တွေ့ကြုံရပြီး ဘုရင့်နောင်ပွဲရုံဝင်း တစ်ဖက်ရှိ သီရိမွန်ပလာဇာဝင်းပါ ယာဉ်ပိတ်ဆို့မှု ကြုံတွေ့ရကြောင်း စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုရှိလာရကြောင်း ယင်းပွဲရုံဝင်းနေ လုပ်ငန်းရှင်များက ဆိုသည်။

ဘုရင့်နောင် လမ်းမကြီးများပါ ပိတ်ဆို့မှုဖြစ်ပွားကြောင်း၊ ဇန်နဝါရီ ၂၉ ရက်မှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အရှိန်အဟုန်မြှင့် အရေးယူလာခြင်း၊ မြို့နယ်အလိုက် ယာဉ်ထိန်းရဲများ တိုးချဲ့ထားခြင်း ပြုလုပ်လာပြီး နောက်ဖြစ်ပွားသော ဘုရင့်နောင် ပွဲရုံဝင်းယာဉ်ပိတ်ဆို့မှုသည် မတ် ၂၅ ရက်တွင် စံချိန်တင် အချိန်ကြာမြင့်ခဲ့သည်ဟုဆိုသည်။

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းတွင် မြို့တော်စည်ပင်မှ ပုဂ္ဂလိကလုပ်ငန်းရှင်ထံ ယာဉ်ဝင်ခွင့်နှင့် ကားကြီးဝင်းအတွင်းလုပ်ကိုင်ချထားပေးသော်လည်း ပွဲရုံဝင်းအတွင်း သန့်ရှင်းရေး၊ လုံခြုံရေး၊ လမ်းပြုပြင်ခြင်းများကို နှစ်စဉ်ပွဲရုံလုပ်ငန်းရှင်များထံမှ သန့်ရှင်းရေးခွန်အပြင် မြေညီထပ်တွင် ဖွင့်လှစ်ထားသူများထံမှသာ သုံးလလျှင် ငွေကျပ်တစ်သောင်းငါးထောင်နှုန်း၊ ညအိပ်ခွန် ခြောက်လလျှင် ကျပ်တစ်သောင်းငါးထောင်နှုန်း၊ လမ်းသွယ်များရှိ ပွဲရုံများရှေ့တွင် ညအိပ်သော ကုန်တင်ယာဉ်များထံမှ တစ်စီးလျှင် ငွေကျပ်ငါးရာနှုန်း ကောက်ခံမှုရရှိကာ ငွေကျပ်သိန်းပေါင်း နှစ်ထောင်ဝန်းကျင်ဖြင့် လုပ်ကိုင်နေရကြောင်း၊ ပွဲရုံလုပ်ငန်းရှင်တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကောက်ခံပြီး လမ်းသွယ်ပြုပြင်ခဲ့ရကြောင်း ပွဲရုံလုပ်ငန်းရှင်များက ဆိုသည်။

ပွဲရုံဝင်းအတွင်း လုံခြုံရေးဝန်ထမ်း ၈၀၊ ပုဂ္ဂလိက ယာဉ်ရှင်းမှုဝန်ထမ်း ၃၀ ဝန်းကျင် စုစုပေါင်း ဝန်ထမ်း ၁၀၀ ဝန်းကျင်ခန့် ထားရှိဆောင်ရွက်နေကြောင်း၊ ယင်းလုပ်ငန်းများကို ပွဲရုံလုပ်ငန်းရှင်များဖြင့် နှစ်နှစ်တစ်ကြိမ် ရွေးချယ်တင်မြှောက်သော NGO အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ဆောင်ရကြောင်း၊ အဆိုပါ ဝန်ထမ်းများအနက် အချို့ကို စကားပြောစက်များကိုင်ဆောင်ခွင့်ပြုထားသော်လည်း ယာဉ်ရှင်းလုပ်ငန်းများတွင် ထိရောက်မှု အားနည်းသဖြင့် ယာဉ်ပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားနေကြောင်း၊ မတ် ၂၅ ရက် နံနက်ပိုင်းတွင် ဘုရင့်နောင်လမ်းဆုံ ရှောင်လမ်းဝင်ပေါက်ဖြစ်သော ဘုရင့်နောင်တံတား ချဉ်းကပ်လမ်းအောက် ဝင်ပေါက်မှ ကားငယ်များ ဝင်ရောက်ခွင့်ကို စကားပြောစက်ဖြင့် ညွှန်ကြားပိတ်ခဲ့သဖြင့် သီရိမွန်ပလာဇာဝင်းအတွင်း ယာဉ်များပိတ်ဆို့မှု ဖြစ်ပွားခဲ့ရကြောင်း ကြုံတွေ့ခဲ့ရသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လမ်းမများ၊ လမ်းထောင့်များတွင် လမ်းကျူးများဖြစ်သော ဈေးဆိုင်များ တည်ခင်းရောင်းချမှု၊ လေထိုးကျွတ်ဖာဆိုင် ၁၄ ဆိုင်ဖွင့်လှစ်ထားမှုကြောင့် ယာဉ်ပိတ်ဆို့မှုကိုဖြစ်စေကြောင်း၊ ထို့ပြင် တရားဝင် ဆိုင်းဘုတ်အနီဖြင့် တားမြစ်ထားသော ၂၂ ဘီးနောက်တွဲယာဉ်များ၊ အဆိုပါ မတ် ၂၅ ရက် ယာဉ်ပိတ်ချိန်တွင်ပါ နေ့အချိန်ဝင်ရောက်ပြီး ကုန်တင်ကုန်ချပြုလုပ်နေကြောင်း၊ အခြားရက်များတွင်လည်း ဝင်ရောက်သော်လည်း အရေးယူခြင်းမရှိကြောင်း၊ ပွဲရုံဝင်းအတွင်း ယာဉ်မောင်းအချို့၏ စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် ယာဉ်ပိတ်ဆို့မှုဖြစ်ရကြောင်း၊ ပွဲရုံရှေ့ ကုန်တင်-ကုန်ချပြုလုပ်ရန် မျက်နှာစာနေရာများကို စုပုံခွန်ပေးဆောင်ပြီး ဂိုဒေါင်သဖွယ် ကုန်ပစ္စည်းများ စုပုံခြင်းသည်လည်း ယာဉ်ပိတ်ဆို့မှုဖြစ်စေကြောင်း ပွဲရုံလုပ်ငန်းရှင်များက ဆိုသည်။

လမ်းကျူးနှင့်စည်းကမ်းမဲ့ယာဉ်မောင်းလူနည်းစုကြောင့် သောင်းချီအရေအတွက်ရှိသော လမ်းသွားလမ်းလာများ၊ လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်သားများ အခက်အခဲဖြစ်၍ စီးပွားရေးဆုံးရှုံးမှုများ ဖြစ်နေရခြင်းကို သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူရန် လိုပါကြောင်း၊ မတ် ၂၈ ရက် ကြာသပတေးနေ့တွင်လည်း အလားတူဖြစ်ရပ်မျိုးကြုံတွေ့ရမည့် အရေး လုပ်ငန်းရှင်များ၊ ယာဉ်မောင်းများ၊ ကုန်လာပို့သူများက စိုးရိမ်ပူပန်နေကြသည်ဟု ဆိုသည်။

ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အနေဖြင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း စီး ပွားရေးလုပ်ငန်းများထိခိုက်နစ်နာမှုဖြစ်စေသော ယာဉ်ပိတ်ဆို့မှုကိုပါ ထည့်သွင်း စဉ်းစားပေးပါရန်နှင့် ပွဲရုံဝင်းအတွင်း ထိရောက်မှုအားနည်းသော ပုဂ္ဂလိကယာဉ်ရှင်းစနစ်အား ပြုပြင်ပြောင်းလဲရန်နှင့် ယာဉ်ပိတ်ဆို့မှုဖြစ်စေသော လမ်းများနှင့် စည်းကမ်းမဲ့ ယာဉ်မောင်းများကိုပါ လူနည်းစုအရေးအထက် လူများစုအကျိုးငဲ့ညှာသောအား ဖြင့် ပွင့်လင်းမြင်သာစွာ အရေးယူပေးစေလိုသည်ဟု ဆိုနေသည်။

(မောင်စေအောင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၇း၀၃	တရားတော်
၇း၁၆	ဓမ္မပူဇာတေး
၇း၂၄	မြန်မာ့ရှုခင်း
၇း၃၅	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၆	ဇာတ်လမ်းတို
၄း၀၈	မျိုးချစ်တပ်မတော်
၄း၃၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၉၀)
၆း၀၀	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	Mail Box
၆း၂၅	ကာတွန်းအစီအစဉ် -အာကာသ သူရဲကောင်းလေးများ (အပိုင်း-၈၄)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၁၈) -အမျိုးသားရေးတေးကဗျာ -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -မှတ်တမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -(၆၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း “ကြယ်စင်မော်ကွန်း” (ဒုတိယပိုင်း) (ဇာတ်သိမ်း) -Go For Gold



တပေါ

ကုသို

မန္တလေး

ယနေ့သည်

လပြည့်နေ့ အ

တပေါင်းလပြ

နာရီခွဲတွင် မ

ရုပ်ရှင်တော်မြ

ဆရာတော်အဂ္ဂ

ဘဒ္ဒန္တ ဥက္ကဋ္ဌ အ

၍ မျက်နှာသ

မျက်နှာသစ်

ကပ်လှူကာ ပ

ရေချမ်း ကပ်

အလားတူ ဗုဒ္ဓ

ပဲခူးတိုင်းဒေသကြီ

နေပြည်တော်

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော် အစည်းအ

ဦးဝင်းတင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်

အစည်းအဝေးတွင် ဥပဒေမူကြမ်း(၁)ခုတင်သွင်

ခဲ့ကြကြောင်း သိရသည်။

အားပေး

၃၄ ဦးအောင်
င်ကို ဒုတိယ
န်ကြီး ဦးတင့်
က် ပြိုင်ပွဲတွင်
ိုးတင့်ဆန်းနှင့်
င်ဇော်နိုင်တို့က
းညာဏ်ထွန်းက
း ရင်းရင်းနှီးနှီး

မြန်မာ(ခ)၊
စားသမားများ
ရွှေ ခြောက်ခု၊
က ရွှေ လေးခု၊
ရွှေ ခုနစ်ခု၊ ငွေ
၊ ကြေးခုနစ်ခု၊
သီးသီးရရှိခဲ့ကြ

(သတင်းစဉ်)

ယာက်တွဲအပြ
င့် မလေးရှား
အောင်၊ မင်းခန့်
ပထမ၊ မလေး
င့် မိုဟာမက်

ပွဲဗိုလ်လုပွဲတွင်
သန်ဆာဇလီကို
အတွက် ၁၀ ခု

၁ ခု၊ ငွေတံဆိပ်
က ရွှေတံဆိပ်
က ရွှေတံဆိပ်
ိုင်းအသင်းက
ောင်း သိရ
(လေဒီ)

ာနေရာများကို
ိုဒေါင်သဖွယ်
င်းသည်လည်း
ကြောင်း ပွဲရုံ
ှိသည်။
းကမ်းမဲ့ယာဉ်
င့် သောင်းချီ
လမ်းသွားလမ်း
ရှင်များ၊ ပွဲရုံ
က်အခဲဖြစ်၍
း ဖြစ်နေရခြင်း
ထိရောက်စွာ
ကြောင်း၊ မတ်
းနေ့တွင်လည်း
ကြုံတွေ့ရမည့်
များ၊ ယာဉ်
ာပို့သူများက
ဉ်ဟု ဆိုသည်။
ားပြည်သူသယ်
ဏာပိုင်အဖွဲ့
ပွဲရုံဝင်းအတွင်း
းထိခိုက်နစ်နာ
ပိတ်ဆို့မှုကိုပါ
းပေးပါရန်နှင့်
က်မှုအားနည်း
ရှင်းစနစ်အား
င့် ယာဉ်ပိတ်
းများနှင့် စည်း
မောင်းများကိုပါ
က် လူများစု
း ဖြစ့် ပွင့်လင်း
ယူပေးစေလို
၊
ခင်စေအောင်)

တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

တပေါင်းလပြည့်နေ့ ရန်ကုန်မြို့၌ ကုသိုလ်ကောင်းမှုပြုသူများ အထူးများပြား

ရန်ကုန် မတ် ၂၆

ယနေ့သည် တပေါင်းလပြည့်နေ့ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်များ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ သမထ၊ ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော် (၂၆၀၁)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို တပေါင်းလဆန်း ၆ ရက်မှ ယနေ့ တပေါင်းလပြည့်နေ့အထိ ၁၀ ရက်တိုင်တိုင် ကျင်းပခဲ့သည်။ ယနေ့ တပေါင်းလပြည့်နေ့ နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင် ရာဟုထောင့်ရှိ အောင်မြေ၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၉ နာရီတွင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့နှင့် အလှူရှင်တို့က ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားကိုကျင်းပကာ အနုမောဒနာတရားနာကြားပြီး အမျှပေးဝေကြသည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရှေးဦးစွာ အရုဏ်တက်ချိန်၌ ဆရာတော် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များက ဆွမ်း၊ သစ်သီး၊ မုန့်မျိုးစုံတို့ဖြင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ညနေ ၄ နာရီတွင် ပင့်သံဃာအပါး ၁၃၀ နှင့် သီလရှင်အပါး ၃၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ နံနက်ပိုင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တပေါင်းလပြည့် မြတ်ဗုဒ္ဓ ပြည်တော်ဝင်အခါတော်နေ့ကို ဂေါပကအဖွဲ့က ကြီးမှူးကျင်းပပြီး ညပိုင်းတွင် ဆီမီး ၅၀၀၀ ဖြင့် စေတီတော်အား ထွန်းညှိပူဇော်ကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ စွယ်တော်မြတ် စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီးစေတီတော်၊ ကျိုက္ကစံစေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၊ တောင်ဥက္ကလာပစေတီ၊ မယ်လမုဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ သန်လျင်ကျိုက်ခေါက်စေတီတော်၊ ပါဒကြီး၊ ခရမ်းမြို့ သွန်းဘုရားကြီးအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးများပြားလျက်ရှိသည်။

ထို့အပြင် ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဗုဒ္ဓပူဇနိယပွဲတော်များ၊ သဲပုံစေတီများ၊ မြတ်ဗုဒ္ဓ ပြည်တော်ဝင် အခါတော်နေ့ပူဇော်ပွဲများကို ကျင်းပလျက်ရှိကြရာ ဘုရား၊ ပုထိုး၊ စေတီတို့၌ ကုသိုလ်ပုညသံများဖြင့် စည်ဝေလျက်ရှိသည်။

(သတင်းစဉ်)

တပေါင်းလပြည့်နေ့က မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၇း၀၃	တရားတော်
၇း၁၆	ဓမ္မပူဇာတေး
၇း၂၄	မြန်မာ့ရှုခင်း
၇း၃၅	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၆	ဇာတ်လမ်းတို
၄း၀၈	မျိုးချစ်တပ်မတော်
၄း၃၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၉၀)
၆း၀၀	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	Mail Box
၆း၂၅	ကာတွန်းအစီအစဉ် -အာကာသ သူရဲကောင်းလေးများ (အပိုင်း-၈၄)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၁၈) -အမျိုးသားရေးတေးကဗျာ -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -မှတ်တမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -(၆၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း "ကြယ်စင်မော်ကွန်း" (ဒုတိယပိုင်း) (ဇာတ်သိမ်း) -Go For Gold

တပေါင်းလပြည့်နေ့ အခါသမယတွင် မန္တလေးမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြား

မန္တလေး မတ် ၂၆

ယနေ့သည် ၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့ အခါသမယဖြစ်သည်။ တပေါင်းလပြည့်နေ့ ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော်အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ အရှင်သူမြတ် အမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသက်န်းကပ်လှူကာ ပန်း၊ သစ်သီး၊ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။ အလားတူ ဗုဒ္ဓဘာသာဝင်သူတော်စင်ရဟန်းရှင်လူပြည်သူများက မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသက်န်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့ဝင်များက ဝတ်ရွတ်စဉ်များကို ရွတ်ဖတ်ပူဇော်ကြကာ ကုသိုလ်ပုညပြုကြသူများ၊ သမထနှင့် ဝိပဿနာ ဘာဝနာပွားများကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။**(အပေါ်ပုံ)**

တပေါင်းလပြည့်နေ့ အခါသမယတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိုင်အောင်တော်မူ ဆုတောင်းပြည့်မြတ်စွာဘုရား၌ ဘုရားဖူးလာရောက်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဘုရားမျက်နှာသစ်တော်ရေအတွက် သနပ်ခါးသွေးသူများဖြင့် အထူးစည်ကားလျက်ရှိပြီး အလားတူ မန္တလေးတောင် ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်၊ ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိ၊ ရွှေကျီးမြင်ဘုရား၊ တဝဂူဘုရား၊ ဝါခင်းကုန်းဘုရား၊ ဘုရားနီဘုရား၊ ချမ်းသာရချမ်းသာကြီးဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရားတို့ အပါအဝင် မန္တလေးမြို့ရှိ ဘုရားပုထိုးစေတီများ၌ ရွှေသက်န်းကပ်လှူပူဇော်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြည်ညိုကြပြီး အလှူဒါနပြုသူများ၊ ဒါန၊ သီလ၊ ဘာဝနာ အားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

နေပြည်တော် မတ် ၂၆

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးဝင်းတင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၂ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေမူကြမ်း(၁)ခုတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုနည်းပါး ယာဉ်မတော်တဆဖြစ်မှုများ မကြာခဏဖြစ်ပွား

သီပေါ မတ် ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့၌ မတ် ၂၃ ရက်တွင် ယာဉ်တိုက်မှုနှစ်ခု ဖြစ်ပွားခဲ့ရာ အသက်အရွယ်အကြီးဆုံး အဘွားတစ်ဦး သေဆုံးခဲ့ပြီး ကျန်လူများမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ထိုသို့ဖြစ်ပွားမှုများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှု အားနည်းသည့်အချက်မှာ အဓိကဖြစ်ကြောင်း သိရသည်။

သီပေါမြို့သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး လမ်းဆုံကျသော မြို့တစ်မြို့ဖြစ်ရာ မော်တော်ယာဉ်မျိုးစုံနှင့် မော်တော်ဆိုင်ကယ်အသွားအလာ များပြားပြီး မြို့တွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ မြို့ရှောင်လမ်းမရှိခြင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးများ မြို့တွင်းလမ်းဘေးဝဲ၊ယာတွင် စည်းကမ်းမဲ့စွာရပ်နားခြင်း**(ယာပုံ)** အထက၊ အလက၊ အမကကျောင်းများသည် အဆိုပါ လမ်းမကြီးဘေးတွင် တည်ရှိခြင်းတို့ကြောင့် ကျောင်းသားကျောင်းသူများအတွက် ယာဉ်အန္တရာယ် ကြီးမားလှသည်ကို တွေ့ရသည်။

ထို့ကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် တိုးမြှင့်ဆောင်ရွက်သင့်ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

စိုင်း(သီပေါ)

မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၆

မိတ္ထီလာမြို့၌ ဖွင့်လှစ်ထားသော ယာယီကယ်ဆယ်ရေးစခန်းများ၌ ယာယီခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မိတ္ထီလာမြို့ ဆက်သွယ်ရေးဝန်ထမ်းရိပ်သာဧည့်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဌေးဦး၊ မိတ္ထီလာမြို့မှ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် စေတနာရှင်ပြည်သူများက တန်ဖိုးငွေကျပ် ၄၁၄ သိန်းတန်ဖိုးရှိ ဆန်အိတ် ၈၀၀၊ ကုလားပဲအိတ် ၂၀၀၊ ဆီပိဿာ ၂၂၀ နှင့် မုန့်ကြွပ်အထုပ် ၂၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ နတ်စင်တစ်ရာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာတေဇအား အမှူးထား၍ တပည့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းသည့် ငွေကျပ် ၁၁ သိန်းနှင့် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ လက်ဖက်နှင့် ပဲကြမ်းအထုပ်များကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ပုဆိုးအထည် ၃၀၀၊ အမျိုးသမီးဝတ်လုံချည် ၃၀၀၊ စပို့ရှပ်အထည် ၃၀၀ နှင့် သောက်ရေသန့်ဘူး ၁၈၀၀ တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံသည်။ **(ယာပုံ)**

ဆက်လက်၍ မိတ္ထီလာမြို့၌ တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များနှင့် စေတနာရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက လက်ခံသည်။

ယင်းနောက် တောင်သာမြို့နယ် သံဃနာယကအဖွဲ့၊ တောင်သာမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တောင်သာမြို့နယ်မှ မြို့မိမြို့ဖများက လှူဒါန်းသည့် ငွေကျပ် ၁၁ သိန်းနှင့် ငွေကျပ်လေးသိန်းတန်ဖိုးရှိ ဆန်အိတ် ခြောက်အိတ်၊ ထန်းလျက်၊ ငါးသေတ္တာနှင့် ဆီပိဿာ ၂၀ ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး မိတ္ထီလာမြို့ကယ်ဆယ်ရေးစခန်းများရှိ ဒေသခံပြည်သူများအား လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၆

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ ကယ်ဆယ်ရေးစခန်းများရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် အတူ နံနက် ၈ နာရီတွင် မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်း၌ နယ်မြေခံတပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန ဆေးကုသရေးအဖွဲ့တို့မှ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက်သာသနာ့ဝေပုလ္လကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးသည် သာသနာ့ဝေပုလ္လကျောင်းကယ်ဆယ်ရေးစခန်းရှိ ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသပေးနေမှုများနှင့် နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများ၏ နေအိမ်ရပ်ကွက်များသို့ တပ်မတော်မော်တော်ယာဉ်များဖြင့် ပစ္စည်းများသယ်ယူရွှေ့ပြောင်းရာတွင် ကူညီဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မိတ္ထီလာမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

နေပြည်တော် မတ် ၂၆

မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များ၏ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအသောက်သန့်ရှင်းရေး၊ ကူးစက်ရောဂါများ ဖြစ်ပွားမှုရှိ မရှိ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် အညစ်အကြေးစနစ်တကျစွန့်ပစ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် မန္တလေးပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားသည့် မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ခရိုင်အားကစားခန်းမ၊ သာသနဝေပုလ္လကျောင်းတိုက်၊ ပထမကျော်မွှာစရိယတိုက်သစ်နှင့် သမုန်းကုန်းကျောင်းတိုက်တို့သို့ သွားရောက်၍ ဒုက္ခသည်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကိုကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် လှည့်လည်ကြည့်ရှုစဉ်အတွင်း ကယ်ဆယ်ရေးစခန်းများတွင် ဆေးအဖွဲ့များ တာဝန်ချိန်အတွင်း စနစ်တကျ တာဝန်ထမ်းဆောင်ရေး၊ အိမ်သာနှင့်ရေလိုအပ်ချက် ဖြည့်ဆည်းပေးရေး၊ သတင်းအချက်အလက်များ အချိန်မီ ရရှိနိုင်စေရေးအတွက် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေး၊ ကူးစက်မြန်ရောဂါများ ဖြစ်ပွားမှုရှိမရှိ စောင့်ကြပ်ကြည့်ရှုမှု လုပ်ငန်းများအားဖြည့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

မီး လောင် လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

အုတ်ဖိုမြို့၌ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ ငါးဦးအား ဖော်ထုတ်ဖမ်းဆီးအရေးယူထား

နေပြည်တော် မတ် ၂၆

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အိုးသည်ကုန်းအုပ်စု၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ ငါးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အုတ်ဖိုမြို့နယ် အိုးသည်ကုန်းအုပ်စု၌ မတ် ၂၄ ရက် ညပိုင်းတွင် ဆူပူလိုသူလူတစ်စုက ဘာသာရေးအဆောက်အအုံ၊ ဈေးဆိုင်၊ လူနေအိမ်အချို့အား လောက်လေးခွများ၊ ခဲများဖြင့် ပစ်ပေါက်ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် တာဝန်ရှိသူများက လူစုခွဲခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်တွင် ဦးဆောင်ပါဝင်ခဲ့သည်ဟု ယူဆရသူ ငါးဦးအား မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် မင်းလှရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ အုတ်ဖိုမြို့နယ်နှင့် မင်းလှမြို့နယ်အပါအဝင် အခြားနေရာဒေသများ၌ ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ထိန်းသိမ်းထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်းပြီး သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၂၆

မိတ္ထီလာမြို့၌ ယခုအခါ လုံခြုံရေးတာဝန်ကျသူများ ၊တပ်မတော်သားများနှင့် တာဝန်သိပြည်သူများ၏ နေ့၊ ည လုံခြုံရေးဆောင်ရွက်မှုကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိတော့ဘဲ ၎င်းတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြသည်။

မိတ္ထီလာမြို့ပေါ်တွင် ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းငါးခု၌ ဒုက္ခသည် ၇၀၀၀ ကျော်၊ ဘုန်းတော်ကြီးကျောင်းတိုက် ၁၆ တိုက်၌ ဒုက္ခသည် ၃၀၀၀ ကျော် ခိုလှုံလျက်ရှိကြပြီး တာဝန်ရှိသူများက ဒုက္ခသည်များ၏ နေထိုင်မှုနှင့် စားသောက်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများကလည်း အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်းပြီး ကယ်ဆယ်ရေးစခန်းများအတွင်း သန့်ရှင်းရေးများ စုပေါင်းလုပ်ဆောင်လျက်ရှိကြသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဌေးဦးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းနှင့် ဝမ်းတော်ပြည့်ကျောင်းတိုက်တို့သို့သွားရောက်၍ ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး**(ယာပုံ)** အားပေးစကားပြောကြားကြသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များသည် မိတ္ထီလာမြို့ရှိ ခရိုင်အားကစားခန်းမ၌ ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းမှ ယနေ့မွန်းလွဲပိုင်းအထိ မိတ္ထီလာမြို့ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့်ပစ္စည်းလက်ခံဌာနသို့ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက လာရောက်လှူဒါန်းလျက်ရှိကြရာ Peace Myanmar အဖွဲ့နှင့် Grand Wynn Co., Ltd. တို့က ခေါက်ဆွဲခြောက်ထုပ် ၃၀၀၀၊ သောက်ရေသန့်ဘူး ၂၀၀၀၊ မုန့်မျိုးစုံ ၈၁၆ ထုပ်နှင့် အဝတ်အထည် ၁၆ ထုပ်၊ ပေါင်းလောင်း(၂)မေတ္တာဖြူအသင်းက ခေါက်ဆွဲခြောက်ထုပ် ၂၃၄၀၊ သောက်ရေသန့် ၆၄၈ ဘူး၊ ဆန် ၁၅ အိတ်၊ ဆီပိသ္သာ ၃၀ နှင့် အဝတ်အထည် ကိုးထုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ လူမှုဆောင်ရွက်ရေးအဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၆၉၀၊ သောက်ရေသန့်ဘူး ၁၁၁၀၊ ဆန် သုံးအိတ်၊ အဝတ်အထည် ၁၁ ထုပ်၊ ရေခွက် ၃၅၇ ခုနှင့် ဆပ်ပြာခွက် ၂၄၀၊ ဦးမင်းအောင် (သီရိမင်္ဂလာရပ်ကွက် မိတ္ထီလာမြို့)က သောက်ရေသန့် ၁၀၃၂ ဘူး၊ အချိုရည် ၄၈၆ ဘူးနှင့် အဝတ်အထည် တစ်ထုပ်၊ တောင်သာ မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာရှင်ပြည်သူများနှင့် သံဃာတော်များက ငွေကျပ် ၁၁၁၀၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၁၀၀၀ ၊ ဆန် ခြောက်အိတ်၊ ဆီပိသ္သာ ၂၀ နှင့်ထန်းလျက်ပိသ္သာ ၅၀၊ စက်မှုဝန်ကြီးဌာနက သောက်ရေသန့်ဘူး ၁၈၀၀ နှင့် အဝတ်အထည် သုံးထုပ်၊ ဦးရွှေကြည်-ဦးအောင်ထွေး မိသားစုတို့က ဆေးဝါးမျိုးစုံသေတ္တာ ၅၀၀၊ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ငွေကျပ် ၆၉၉၀၀၀၊ အဝတ်အထည် ရှစ်ထုပ်၊ ဖွန်းအချောင်း ၅၀၀ နှင့် ပန်းကန်အချပ် ၇၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မုန့်မျိုးစုံအထုပ် ၂၀၀၀၀၊ ဆန်အိတ် ၈၀၀၊ ဆီပိသ္သာ ၂၂၀၀ နှင့် ဆေးဝါးမျိုးစုံသေတ္တာ ၂၀၀၊ Save the Children ကခေါက်ဆွဲခြောက်ထုပ် ၉၀၆၀ နှင့် သောက်ရေသန့် ၅၅၆၈ ဘူးတို့ကို လှူဒါန်းကြပြီး မတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အလှူငွေလှူဒါန်းခဲ့မှုအရ ဦးတင်ဦး ပျော်ဘွယ်မြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ငွေကျပ် ၁၀ သိန်း၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ် နှစ်သိန်း၊ ဒေါ်နီလာဝင်းအောင်ဆန်းရပ်ကွက် မိတ္ထီလာမြို့က ငွေကျပ် တစ်သိန်း၊ ကျင်းလုံမြန်မာကုမ္ပဏီလီမိတက်က ငွေကျပ် ၄၀၅၀၀၀၀ တို့ဖြစ်ကြောင်း ထပ်မံသိရသည်။

သို့ဖြစ်၍ မတ် ၂၃ ရက် နံနက်ပိုင်းမှ မတ် ၂၆ ရက် မွန်းလွဲပိုင်းအထိ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၂၈၉၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

စေတနာရှင်ပြည်သူများသည် မိတ္ထီလာမြို့ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့်ပစ္စည်းလက်ခံဌာနသို့ အလှူငွေနှင့်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသကဲ့သို့ ကယ်ဆယ်ရေးစခန်းများနှင့် ဘုန်းတော်ကြီးကျောင်းတိုက်များသို့လည်း ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နယူးလိုက်အော့ဖ်မြန်မာသတင်းစာထုတ်ဝေခြင်းလုပ်ငန်းအား အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေလျက်ရှိသော The New Light of Myanmar နေ့စဉ်ထုတ်သတင်းစာအား အဆင့်အတန်းပိုမိုကောင်းမွန်သော သတင်းစာအသွင် ပြောင်းလဲထုတ်ဝေနိုင်ရန်အတွက် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရေး အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာ ခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင်-

(က) ပြည်တွင်းလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်နှင့် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏ နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့် ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ၊
- (၄) အနီးကပ်ဆုံးလက်မှတ်ရပြည်သူ့စာရင်းကိုင်မှ အတည်ပြုထားသည့်ဘဏ္ဍာရေးရှင်းတမ်း(၂)နှစ်စာ၊
- (၅) လက်ရှိဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့်အချက်အလက်အထောက်အထားများ၊

(ခ) ပြည်ပလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များ ပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်၊ပတ်စ်ပို့အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) နိုင်ငံခြားကုမ္ပဏီဆိုင်ရာ အထောက်အထားများ၊
- (၄) ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊
- (၅) လက်ရှိ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့် အချက်အလက်အထောက်အထားများ၊

၃။ အဆိုပြုလွှာတင်သွင်းမည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများအနေဖြင့် အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာအား ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇) နေပြည်တော်သို့ (၂၅-၄-၂၀၁၃)ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ရန်ခေါ်ယူအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၀၁၁၉၂၊ ၀၆၇-၄၁၂၁၂၃နှင့် ၀၆၇-၄၁၂၁၂၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မိတ္ထီလာမြို့၌ လုံခြုံရေးတာဝန်ကျဝန်ထမ်းများ လုံခြုံရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၆

မိတ္ထီလာမြို့တွင် မကြာမီရက်ပိုင်းအတွင်းက ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြမှုဖြစ်ပေါ်နေခြင်းအပေါ် ပြေပျောက်စေရေးအတွက် လုံခြုံရေးတာဝန်ကျဝန်ထမ်းများ၊ တပ်မတော်သားများနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ လုံခြုံရေးဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက် ည ၈ နာရီမှ နံနက် ၄ နာရီအထိ မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်အတွင်း လုံခြုံရေးဆောင်ရွက်မှုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့ အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ပိုင်းခြား၍ လုံခြုံရေးတာဝန်ကျဝန်ထမ်းများနှင့် တပ်မတော်သားများက လုံခြုံရေးကင်းလှည့်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)**

ယခုအခါ မိတ္ထီလာမြို့တွင် အခြေအနေများ တည်ငြိမ်အေးချမ်းသွားပြီဖြစ်သော်လည်း ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ည ၇ နာရီမှ နံနက် ၄ နာရီအတွင်း ညမထွက်ရအမိန့် ထုတ်ပြန်ထားဆဲဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၀ (၆၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

၄း၂၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အရှေ့တိုင်းပညာအထူးပြု)(အရှေ့တိုင်းပညာ)

၇း၁၀ "ကြယ်ပွင့်များရဲ့ရင်ခုန်သံ" (ယုဇန)

၇း၃၀ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ ဖျော်ဖြေရေး တင်ဆက်မှုအစီအစဉ် (အပိုင်း -၁၄)

၈း၀၀ ပြည်တွင်းသတင်း Road to SEA Games (Yacthing-2) (ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ မင်းသွေး၊ ဝေမင်းအောင်) -မြန်မာရုပ်ရှင် "အမိမြေမှသားကောင်းများ" (စိုးအောင်၊ မွန်မွန်သဲ) (ဒါရိုက်တာ-စိန်ဖေတင်)

ကုလသမဂ္ဂ၏ အထူးသံတမန်အဖြစ် အိန်ဂျလီနာဂျိုလီ ကွန်ဂိုသို့ သွားရောက်

အခြားသော ဟောလိဝုဒ်မင်းသမီးများနှင့်မတူ တစ်မူထူးခြားသော အလှုပိုင်ရှင် သရုပ်ဆောင် အိန်ဂျလီနာဂျိုလီက ကုလသမဂ္ဂ၏ အထူးသံတမန်တစ်ဦးအနေဖြင့် အမျိုးသမီးနှင့် ကလေးငယ်များအား အကြမ်းဖက်မှုများဖြစ်ပွားလျက်ရှိသော ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းရှိ Nzulo စခန်း၌ အမျိုးသမီးများနှင့် ကလေးငယ်များအား တနင်္လာနေ့က သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။(**အပေါ်ပုံ**)

နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ အဆိုပါစခန်းတွင် မတရားဖိနှိပ်မှုနှင့် အကြမ်းဖက်ခံရသော အမျိုးသမီးနှင့် မိန်းကလေးငယ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကို ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် အိန်ဂျလီနာဂျိုလီနှင့်အတူ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး William Hague လည်း လိုက်ပါလာခဲ့သည်။

(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနားတွင် ဆုရရှိကြသူများကို တွေ့ရစဉ်။

အဓိကသရုပ်ဆောင်နေရာမှာပဲ သရုပ်ဆောင်ချင်တဲ့ သရုပ်ဆောင် ဝီလ်စမစ်သ်

စိတ်ကူးယဉ်သိပ္ပံဇာတ်ကားများတွင် မကြာခဏ မြင်တွေ့ရလေ့ရှိသည့် အမေရိကန် သရုပ်ဆောင် ဝီလ်စမစ်သ်က ဒါရိုက်တာ Quentin Tarantino ၏ Django Unchained ဇာတ်ကားတွင် ၎င်း၏သရုပ်ဆောင်ခန်းမှာ အဓိကအခန်းကဏ္ဍမှ မဟုတ်သဖြင့် ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် အဆိုပါဇာတ်ကားဖြင့် စာရေးဆရာ၊ ဒါရိုက်တာ Quentin Tarantino က အကောင်းဆုံးမူရင်းဝတ္ထုဇာတ်ညွှန်းဆုကိုလည်းကောင်း၊ ယင်းဇာတ်ကား၏ အဓိကသရုပ်ဆောင် ဂျေးမီဖော့ဇ်နှင့်အတူ သရုပ်ဆောင်ခဲ့သည့် ခရစ္စတိုဝက်ဇ်က အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

"ကျွန်တော် အဲဒီဇာတ်ကားကို ကြိုက်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ အခန်းကဏ္ဍဟာ အဓိကသရုပ်ဆောင်နေရာက မဟုတ်တဲ့အတွက် ကျွန်တော် ငြင်းပယ်ခဲ့တာပါ။ အဓိကသရုပ်ဆောင်အနေနဲ့ပဲ သရုပ်ဆောင်ချင်ပါတယ်။ ကျွန်တော့်အနေနဲ့ပြောရမယ်ဆိုရင် ဒီဇာတ်ကားဟာအလွန်အင်မတန်လက်ရာမြောက်တဲ့ကားတစ်ကားဖြစ်ပါတယ် ဒါပေမယ့် ကျွန်တော့်အတွက်တော့ မဟုတ်ဘူးပေါ့ဗျာ"ဟု EW.com သို့ သရုပ်ဆောင် ဝီလ်စမစ်သ်က ပြောကြားခဲ့သည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

(၈၆)ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနား ၂၀၁၄ ခုနှစ် မတ်လတွင် ကျင်းပမည်

ဖေဖော်ဝါရီလအတွင်းက ဟောလိဝုဒ်ရုပ်ရှင်လောက၏ အထင်ကရဆုတစ်ခုဖြစ်သော အော်စကာရုပ်ရှင်ဆုများကို ပေးအပ်ချီးမြှင့်ပေးခဲ့ပြီး (၈၆)ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် မတ်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း ဟောလိဝုဒ်၏ ရုပ်ရှင်ဝိဇ္ဇာနှင့်သိပ္ပံအကယ်ဒမီမှ တနင်္လာနေ့က ကြေညာခဲ့သည်။

၎င်းအပြင် (၈၇)ကြိမ်မြောက် အော်စကာဆုပေးပွဲကိုလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပသွား မည်ဖြစ်ကြောင်းနှင့် အဆိုပါနှစ်နှစ်အတွက် အော်စကာဆုပေးပွဲ အခမ်းအနားများကို ဟောလိဝုဒ် Hollywood & Highland စင်တာရှိ Dolbyပြဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး အေဘီစီ ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအော်စကာဆုပေးပွဲအခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလတွင်သာကျင်းပလေ့ရှိပြီး ယခုကဲ့သို့ အချိန်ပြောင်းရွှေ့ကျင်းပရခြင်းမှာ ထုတ်လုပ်သူများအနေဖြင့် ဆောင်းရာသီအိုလံပစ်ပွဲတော်နှင့် တိုက်ဆိုင်နေသဖြင့် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်များ အနှောင့်အယှက်မဖြစ်စေလိုသောကြောင့်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် ဝီလ်စမစ်သ်။

JYJ ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ ဟောင်ကောင်၌ ဖျော်ဖြေ

ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ JYJ မှ တေးသံရှင် ကင်မ်ဂျေးဂျောင်သည် မတ် ၂၄ ရက်က ဟောင်ကောင်ကုန်စည်ပြပွဲနှင့် ကွန်ဗင်းရှင်းစင်တာ၌ Your, My and Mine Hong Kong အမည်ရှိဂီတဖျော်ဖြေပွဲတစ်ခုကျင်းပခဲ့ရာ ပရိသတ်ပေါင်း လေးထောင်ကျော် တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။(**အောက်ပုံ**)

အဆိုပါဖျော်ဖြေပွဲတွင် ပထမဦးစွာ ပရိသတ်များနှင့်တွေ့ဆုံပွဲကျင်းပခဲ့သည်။ ယင်းနောက် အသေးစားဖျော်ဖြေ ပွဲတစ်ခုအနေဖြင့် JYJ အဖွဲ့မှ အဖွဲ့ဝင် ဂျေးဂျောင်က ၎င်းတို့အဖွဲ့၏ ကျော်ကြားသောတေးသီချင်းများဖြစ်သည့် One Kiss၊ My Only Comfort စသည့် သီချင်းများကို ပရိသတ်များနှင့်အတူ သီဆိုဖျော်ဖြေပေးခဲ့ကြသည်။

JYJ အဖွဲ့မှ ကင်မ်ဂျေးဂျောင်သည် ဧပြီ ၆ ရက်တွင် တရုတ်နိုင်ငံ နန်ချင်းမြို့၌ စတင်ကျင်းပမည့် ၎င်းတို့အဖွဲ့၏ အာရှခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

ရွှေဝင်း မြန်မာ ခရီးသွား 09-43098308,09-73207416

ငွေဆောင်သကြန် စရိတ်ငြိမ်း 110000/-
09492702977,09421078600

ရောင်းမည်
ဖုန်း-၀၉ ၇၃၀၈၈၉၂၅၊ ၀၉-၇၃၀၁၃၈၇၉

Asian Diary Travels & Tours

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

The Myanmar INDEPENDENT News Journal

ဒိန်ဝင်းနှင့်ရောင်းရင်းများမှ

Ph: 249871, 255553, 389611, 09-5137248

အခန်းကျယ်ရောင်းမည်
(17'x60')
Pressur Pump
(425)
Ph:09-5053076

အားကစား

မီယာမီမာစတာတင်းနစ်ပြိုင်ပွဲ ဒီမီထရော့ဗ်ကိုနိုင်က မာရေးစတုတ္ထအဆင့်တက်

အမေရိကန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် မီယာမီမာစတာတင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အဆင့်(၃၂)နေရာတွင် ရပ်တည်လျက်ရှိသော တင်းနစ်ကစားသမား ဒီမီထရော့ဗ်ကို အနိုင်ရရှိကာ မီယာမီမာစတာတင်းနစ်ပြိုင်ပွဲ၏ စတုတ္ထအဆင့်သို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။

US Open ချန်ပီယံ အန်ဒီမာရေးသည် အစပိုင်းတွင် ရှုံးနိမ့်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ တင်းနစ်အကျော်အမော် ဒီမီထရော့ဗ်၏ အမှားများမှတစ်ဆင့် အနိုင်ရလဒ်ကို ရယူကာ ဗြိတိန်နံပါတ်တစ် တင်းနစ်အကျော်အမော် အန်ဒီမာရေးက ဒီမီထရော့ဗ်ကို ၇-၆ (၇-၃)၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့သည်။

လက်ရှိ အမျိုးသားတစ်ဦးချင်းတင်းနစ်လောကတွင် အဆင့်သတ်မှတ်ချက်အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိသော အန်ဒီမာရေးသည် ၂၀၀၅ ခုနှစ်မှသာ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားတစ်ဦးအဖြစ် နာမည်ရလာခဲ့သော်လည်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ်များတွင် နောက်ဆုံးဗိုလ်လုပွဲ၊ ၂၀၁၁ ပြင်သစ်အိုးပင်းတွင် ဆီမီးဖိုင်နယ်၊ ၂၀၁၂ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲနှင့် ၂၀၁၂ ခုနှစ်က ကျင်းပခဲ့သော အမေရိကန်အိုးပင်းပြိုင်ပွဲတွင် ချန်ပီယံစသည်ဖြင့် အောင်မြင်မှုများရရှိထားပြီး လက်ရှိမီယာမီတင်းနစ်ပြိုင်ပွဲတွင်လည်း စတုတ္ထအဆင့်သို့ တက်လာခဲ့ပြီဖြစ်သည်။

AP

Arnold Palmer ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အနိုင်ရကာ အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ် ကမ္ဘာ့အဆင့်(၁)ပြန်ရရှိ

အမေရိကန် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် Arnold Palmer ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရရှိကာ ၎င်း၏ ၂၀၁၀ ခုနှစ်ကတည်းက ဝေးကွာခဲ့ရသော ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရရှိခဲ့ပြီဖြစ်သည်။

တစ်နှစ်တာ PGA ကစားသမားဆုကို (၁၀)ကြိမ်အထိ ရရှိထားခဲ့သော အမေရိကန် ဂေါက်သီးရိုက်ကစားသမားတိုက်ဂါးဝုဒ်၏ လက်ရှိ Arnold Palmer ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းသည် ၎င်း၏ (၇၇)ကြိမ်မြောက် PGA အောင်မြင်မှုဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွင်း တတိယအကြိမ်မြောက် အောင်မြင်မှုလည်း ဖြစ်သည်။

တိုက်ဂါးဝုဒ်သည် Arnold Palmer ဖိတ်ခေါ်ပြိုင်ပွဲများတွင် ၂၀၀၈၊ ၂၀၀၉ နှင့် ၂၀၁၂ ခုနှစ်တို့တွင်လည်း ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

၁၉၉၆ ခုနှစ်တွင် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားဖြစ်လာခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် နံပါတ်တစ်နေရာသို့ ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် ၂၀၀၉ ဒီဇင်ဘာမှ ၂၀၁၀ ဧပြီအထိ ဂေါက်သီးရိုက် ကစားသမားဘဝမှ ထွက်ခဲ့ခြင်းကြောင့် ၂၀၁၃ WGC-Cadillac ချန်ပီယံရှစ်ပြိုင်ပွဲတွင် အနိုင်ရရှိကာ ကမ္ဘာ့အဆင့်(၂)သို့ ပြန်လည်ရောက်ရှိခဲ့ပြီး လက်ရှိ Arnold Palmer ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်(၁)နေရာသို့ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

နိုင်လင်းကြည်

မန်စီးတီးတောင်ပံကစားသမား ဆင်ကလဲယားကို ဆောက်သမ်တန်အသင်း ခေါ်ယူရန်စီစဉ်

ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်းသည် မန်စီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် မရရှိသော အသက်(၂၃) နှစ်အရွယ်ရှိ တောင်ပံကစားသမားစကော့ဆင်ကလဲယားကို နွေရာသီဈေးကွက်အတွင်း ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

မန်စီးတီးတောင်ပံကစားသမား ဆင်ကလဲယားသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ဆွမ်ဆီးအသင်းမှ ပြောင်းရွှေ့လာချိန်မှစ၍ ပွဲထွက်ကစားခွင့်အကြိမ်ရေ မရှိသလောက်နည်းခဲ့ရသည်။

မန်စီးတီးအသင်းကမူ တောင်ပံကစားသမား ဆင်ကလဲယားအတွက် များစွာမျှော်လင့်ထားခဲ့သော်လည်း မန်စီးတီးအသင်းမန်နေဂျာ ရောဘတ်တိုမန်စီနီကမူ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မြို့ခံပြိုင်ဘက် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အမှတ်ကွာဟလွန်းနေသဖြင့် ပုံမှန်ပွဲထွက်မကစားစေခဲ့ကြောင်း ဆိုသည်။

ထို့ကြောင့် မန်စီးတီးအသင်းက ဆွမ်ဆီးအသင်းထံမှ ပြောင်းရွှေ့ကြေးပေါင် ၆ ဒသမ ၂ သန်းဖြင့် ပေးခေါ်ထားသော တောင်ပံကစားသမား ဆင်ကလဲယားကို ပြန်လည်ရောင်းချပါက ယခင်ဈေးနှုန်းထက်ပို၍ လိုချင်သည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် ဆင်ကလဲယားကို ပြီးခဲ့သည့် ဇန်နဝါရီအပြောင်း အရွှေ့ကာလကတည်းက ခေါ်ယူရန်စောင့်ကြည့်မှုများ ပြုလုပ်ခဲ့သည်။ ဆင်ကလဲယားကမူ လက်ရှိတွင် ဆောက်သမ်တန်အသင်းအပြင် အဲဗာတန်နှင့် အက်စတွန်ဗီလာအသင်းသို့လည်း ပြောင်းရွှေ့ကစားရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးနောက်ခံလူ ဂျွန်တယ်ရီကို ဖီနာဘာချီအသင်း ပစ်မှတ်ထားနေ

တူရကီကလပ် ဖီနာဘာချီအသင်းသည် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီအား လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အစ္စတန်ဘူလ်သို့ ရောက်ရှိလာရေး ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ဖီနာဘာချီအသင်းသည် တူရကီဘောလုံးလောက၏ အဓိကပြိုင်ဘက် ဂါလာတာစာရေးအသင်း၏ နာမည်ကြီးဝါရင့်ကစားသမားများခေါ်ယူခဲ့မှုကို ယှဉ်ပြိုင်သည့်အနေဖြင့် ဂျွန်တယ်ရီအား ခေါ်ယူရန်ပစ်မှတ်ထားလာခြင်းလည်း ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီသည် လက်ရှိတွင် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေပြီး စတမ်းဖို့ဒ်ဘရစ်ချ်ကို ထွက်ခွာမည်လားဆိုသည်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစ်စုံတစ်ရာမချမီ နွေရာသီတိုင်အောင် စောင့်ဆိုင်းနေဦးမည်ဟု ဆိုသည်။

ဖီနာဘာချီအသင်းသည် ယခုနှစ်ဘောလုံးရာသီအစက လီဗာပူးအသင်းမှ ဒါကွတ်ကို ခေါ်ယူစာချုပ်ခဲ့သော်လည်း ဂါလာတာစာရေး၏ အောင်မြင်မှုကို လိုက်မမီသေးပေ။

ယင်းမှာလည်း ဂါလာတာစာရေးအသင်းသည် ချယ်လ်ဆီးမှ ရှန်ဟိုင်းရှင်ဟွာသို့ ပြောင်းရွှေ့သွားသော တိုက်စစ်မှူး ဒရော့ဘာနှင့် နယ်သာလန်ကွင်းလယ်လူ ရှနိုက်ဒါတို့ကို ခေါ်ယူခဲ့သဖြင့် အသင်းအောင်မြင်မှု ပိုမိုရရှိလာခြင်းကြောင့် ဖီနာဘာချီအသင်းကလည်း ဂျွန်တယ်ရီကို ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်းဆိုသည်။

ခေတ်သစ်တရုတ်ပြည်သမိုင်းကို သိချင်လျှင် ဒီစာအုပ်ကိုဖတ်
ဝေးဝေးကြည့်မြင့်မြင့်ပျံသန်းနိုင်ခဲ့သော
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
စာရေးသူ-စိန်ဝင်းအောင်(မန္တလေး)
Nay Yee Yee မှ ဖြန့်ချိနေပါသည်။ ဖုန်း-၀၉-၈၆၁၉၉၆၂၊ ၀၉-၄၅၀၀၂၈၆၅၁

အတွဲ ၃၊ အမှတ် ၁၃၉

လူ့အခွင့်အရေး၊ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့် အရေး

- အရေးပေါ်အခြေအနေ၏ အနက်အဓိပ္ပာယ်
- တရားရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲရန် အရေးကြီးသည့် အချိန် ရောက်ပြီ
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စစ မျိုးဆက် ခေါင်းဆောင်များနှင့် နိုင်ငံရေး ဒီမိုကရေစီ အရေး
- SSPP/SSA နာယက ခုတိယဗိုလ်ချုပ်ကြီး ဆောထဲန်နှင့် တွေ့ဆုံခြင်း
- အခြေခံ ဥပဒေပြင်ရန် လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ ပေါင်းစည်းနိုင်ခြင်း ရှိ မရှိ
- ဒီမိုကရေစီ အသွင် ကူးပြောင်းရေးနှင့် ပြည်ပရန်
- ကုန်ရက်များ၊ ကုန်ချက်များနှင့် အများကြိုက် နိုင်ငံရေး

ထွက်ပြီ

အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအဖွဲ့ဝင်များသို့ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအဖွဲ့အစည်းမှ နှစ်နှစ်တစ်ကြိမ် ကျင်းပသော နှစ်ပတ်လည်အစည်းအဝေးနှင့် အသင်းအမှုဆောင်သစ်ရွေးကောက်ပွဲ ပြုလုပ်ရန်အတွက် ကျင်းပသော ညစာစားပွဲကို အမှတ်-၄၉၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်တွင် ၂၀၁၃ခုနှစ်၊ မတ်လ ၃၁ရက်(တနင်္ဂနွေနေ့) ည ၇း၃၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းအဖွဲ့ဝင်များအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း
အစာအိမ်အူလမ်းကြောင်းနှင့်အသည်းအဖွဲ့အစည်း
ဖုန်း-၀၉-၅၅၀၀၄၂၄၊ ၀၉-၇၃၀၇၅၇၃၅၊ ၀၉-၄၃၁၁၉၆၆၃

Hotels, Condominiums, Show Rooms, Universities, Banks
CCTV / IP Camera Internet WiFi Access Points
NAWARAT
Computer Networking & Security Surveillance Service
Ph: 392047, 0973032333, 095164636

ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာ၌သူခိုးသောင်းကျန်း

နေပြည်တော် မတ် ၂၆

နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်ဝန်ထမ်းအိမ်ရာ၌ မတ် ၂၅ ရက် နံနက် ၃ နာရီခွဲခန့်တွင် အိမ်ရာရှေ့ရပ်ထားသော ရုံးသုံးကား (CANTER)ကင်တာ ၄ခ/----**(ယာပုံ)**၏ ဘက်ထရီအိုးဖြုတ်ခိုးနေသည်ကို အမှတ်(၆) ရဲစခန်းလှည့်ကင်းအဖွဲ့ကင်းလှည့်စဉ် တွေ့ရှိဖမ်းဆီးရာ ကိုယ်လွတ်ရုန်းထွက်ပြေးသွားသည်။

အမှတ်(၆)ရဲစခန်း လှည့်ကင်းအဖွဲ့မှ "ဒီလို ခိုးမှုတွေမကြာမကြာဖြစ်ပွားနေလို့ ကျွန်တော်တို့ အပင်ပန်းခံကင်းလှည့်နေတာပါ၊ ရပ်ထားတဲ့ကားတွေရဲ့ ဆီတွေ၊ ရပ်ထားတဲ့ဆိုင်ကယ်တွေလိုက်ခိုးနေတာကို အမိအရ ဖော်ထုတ်နိုင်ရေး မိဘပြည်သူများပါ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်၊ ကျွန်တော်တို့ဘက်ကလည်း မိအောင်ဖမ်းမှာပါ"ဟု ပြောကြားခဲ့သည်။ **(ကျော်သူရ)**

ခင်ပွန်းဖြစ်သူ အိပ်စက်နေစဉ် ဓာတ်ဆီလောင်းမီးရှို့ထွက်ပြေး

ပုသိမ် မတ် ၂၆

ရွှေသောင်ယံမြို့နယ် ဂျိုင်လယ်ကျေးရွာနေ လင်းအောင်(ခ)မောင်လေး (၂၅)နှစ်သည် မတ် ၂၁ ရက် ည ၉ နာရီခွဲတွင် နေအိမ်ပေါ်၌ အိပ်ပျော်နေစဉ် ဇနီးဖြစ်သူ မမိုးမိုးက ခင်ပွန်းဖြစ်သူ၏ ကျောကုန်းပေါ်သို့ ဓာတ်ဆီလောင်းမီးရှို့ထွက်ပြေးသွားသည်။ အိပ်ပျော်နေသည့် လင်းအောင် (ခ)မောင်လေး၏ ခန္ဓာကိုယ်အောက်ပိုင်း၊ ကျောကုန်းမီးလောင်ခံရရာမှ လန့်နိုးအော်ဟစ်စဉ် ရွာသူရွာသားများနှင့် အုပ်ချုပ်ရေးမှူး ဦးလှနိုင်တို့က ၎င်းအား ကယ်ဆယ်နိုင်ပြီး ဂွမြို့ဆေးရုံသို့ တင်ပို့ကုသပေးခဲ့ကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

တစ်ဖက်နိုင်ငံမှ တရားမဝင်ခိုးသွင်းလာသည့် ဇိမ်ခံကားမျိုးစုံ မွန်ပြည်နယ် မြို့နယ်(၁၀)မြို့နယ်အတွင်း ၁၁၇ စီး ဖမ်းဆီး

မော်လမြိုင် မတ် ၂၆

တစ်ဖက်နိုင်ငံမှ တရားမဝင် အကောက်ခွန်မဲ့ ခိုးသွင်းလာသည့် ဇိမ်ခံကားများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားချက်အရ မွန်ပြည်နယ် (၁၀) မြို့နယ်ရှိ မြို့နယ်အသီးသီးတွင် အကောက်ခွန်မဲ့ ဇိမ်ခံကားများကို ဖမ်းဆီးအရေးယူလျက်ရှိသည်။

မြို့နယ်အသီးသီးရှိ တပ်ဖွဲ့ဝင်များသည် တစ်ဖက်နိုင်ငံဘက်မှ နည်းမျိုးစုံဖြင့် မွန်ပြည်နယ်အတွင်းသို့ ခိုးသွင်းလာသော ဇိမ်ခံကားများကို ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ မတ် ၂၁ ရက်အတွင်း ပိုင်ရှင်မဲ့ ၃၆ စီး အပါအဝင် ကားအစီးရေ ၁၁၇ စီးနှင့် တရားခံ ၈၀၊ ကာလတန်ဖိုး ငွေကျပ်သိန်းနှစ်ထောင်ကျော်တန်ဖိုးရှိ ကားများကို ဖမ်းဆီးပြီး မြို့နယ်အသီးသီးတွင် ပို့ကုန်/ သွင်းကုန် ဥပဒေပုဒ်မ (၈) အရ အမှုဖွင့်အရေးယူထားသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ်လ ၂၁ ရက်အထိ ပိုင်ရှင်မဲ့ကား ၁၄ စီး၊ ပိုင်ရှင်များနှင့်အတူ ၃၁ စီး စုစုပေါင်း ၄၅ စီး ထပ်မံဖမ်းဆီးရမိကြောင်း သိရသည်။

ဇိမ်ခံကားများသည် မော်လမြိုင်မြို့နယ်နှင့် အခြားမြို့နယ်အတွင်း မောင်းနှင်သွားလာရာတွင် နေ့နံပါတ်တစ်မျိုး၊ ညနံပါတ်တစ်မျိုးဖြင့် မောင်းနှင်လျက်ရှိကြပြီး ယာဉ်တိုက်မှုများဖြစ်ခြင်း၊ လိုင်စင်ရှိသကဲ့သို့ မောင်းနှင်နေခြင်းများအပေါ် သက်ဆိုင်ရာက ဇိမ်ခံကားများကို အချိန်မီ အရေးယူဖမ်းဆီးခြင်းဖြစ်သည်ဟု သိရသည်။

ဆက်လက်၍ တစ်ဖက်နိုင်ငံမှ နည်းအမျိုးမျိုးဖြင့် တင်သွင်းလာသည့် ဇိမ်ခံကားများကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ဖမ်းဆီးအရေးယူသွားမည်ဟု သိရသည်။

ကျော်သန်း(မော်လမြိုင်)

ကျိုင်းတုံမြို့နယ် ကောင်းကန်အာခါရွာတွင် မီးလောင်မှုဖြစ်ပွား

ကျိုင်းတုံ မတ် ၂၆

ရာသီဥတုက ပူပြင်းပြီး လေတိုက်နေချိန်တွင် မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် မီးလောင်ကျွမ်းမှုတစ်ခု မတ် ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ကောင်းကန်အာခါရွာတွင် ဖြစ်ပွားခဲ့သည်။ **(အောက်ယာပုံ)**

မီးလောင်ကျွမ်းချိန်က ရွာတွင် အလုပ်နားနေသူ ရွာသားတချို့နှင့် ကျောင်းသား ကျောင်းသူတို့ ရှိနေကြ၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြပြီး တုံကွမ်ရွာ၊ မန့်ကျန်းရွာမှ ရွာသားများလည်းလာရောက်ကူညီငြိမ်းသတ်ပေးခဲ့ကြသည်။ ရွာသို့ မီးသတ်ယာဉ်များ မဝင်ရောက်နိုင်သဖြင့် မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တို့က ဆိုင်ကယ်ဖြင့် လာရောက်ကူညီခဲ့ကြကြောင်း သိရသည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်လေးလုံးနှင့် ဝမ်းစာစပါး အပါအဝင် လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ မီးလောင်ကျွမ်းခံခဲ့ရကြောင်း စုံစမ်းသိရှိရသည်။ မီးလောင်မှုသည် နံနက် ၁၁ နာရီခွဲတွင် မီးညွှန့်ကျိုးသွားခဲ့သည်။ မီးလောင်မှုကြောင့် မိသားစုဝင် ၂၇ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြသည်။ ရွာ၏ တည်နေပုံအနေအထားနှင့် လေတိုက်ရာအရပ်ကြောင့် အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှု နည်းပါးခဲ့ရခြင်းဖြစ်သည်။ မီးငြိမ်းသတ်နိုင်ခဲ့ခြင်းမှာ ရွာပြင်ရှိ တောင်ကျစိမ့်စမ်းရေအား ရွာတွင်းသို့တိုင်အောင် PCV ရေသွယ်ပိုက်များဖြင့် ရွာလယ်ထိ ရေကန်ဖြင့် ရေသိုလှောင်ထားနိုင်ပြီး ၂၄ နာရီ အချိန်ပြည့် ရေအဆက်မပြတ်ရရှိနေမှုကြောင့် မီးသတ်ယာဉ်မရောက်နိုင်သည့် တောင်ပေါ်ရွာ မီးလောင်မှုကို အချိန်မီ ဟန့်တားငြိမ်းသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

(၅၁၃)

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ







ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ သုဿီတာလမ်းမ၊ မြေကွက်အမှတ်(၁၈၈) ဦးအုန်းမောင်အမည်ပေါက် နှစ်(၆၀)ဂရန်၊ ပေ(၄၀×၆၀)မြေကွက်အား အမိအဖကွယ်လွန်၍ အမွေဆက်ခံပိုင်ခွင့်ရရှိသော သားသမီး(၈)ဦးထံမှ ကျွန်ုပ်ဦးမြင့်ရွှေက ဝယ်ယူရန် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းနှင့် ကျွန်ုပ်ဦးမြင့်ရွှေထံ ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမြင့်ရွှေ[၁၂/ဥကမ(နိုင်)၀၄၄၆၅၆]
အမှတ်(၁၅၄)၊ မေယု(၅)လမ်း၊ က/ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

အထက်မြန်မာပြည်သတင်း

အမျိုးသမီးဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၆

မြန်မာအမျိုးသမီး ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်အား မတ် ၂၄ ရက် ညနေ ၃ နာရီက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ချုပ်တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ် အသင်းပိုင်ရှင်များနှင့် အသင်းတာဝန်ရှိသူများ၊ အမျိုးသမီးလုပ်ငန်းရှင်များနှင့် အမျိုးသမီးလက်ရွေးစင်အသင်း အသီးသီးမှ နည်းပြများ၊ အားကစားသမားများနှင့် အမျိုးသမီး ဒိုင်လူကြီးများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌမှ အမျိုးသမီး ဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပရခြင်းကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းများ၏ အနာဂတ်ပြိုင်ပွဲများနှင့် ပြင်ဆင်ဆောင်ရွက်မှုများအား ပရိုဂျက်တာဖြင့် ရှင်းလင်းခဲ့သည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသမီးဘောလုံးလောက စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဦးဆောင်လှုပ်ရှားသည့် အမျိုးသမီးဘောလုံးကော်မတီတစ်ရပ် ပေါ်ထွက်လာရေး၊ အမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပရေးနှင့် ဆီးဂိမ်းပြိုင်ပွဲ၊ အာရှချန်ပီယံရှစ်ပြိုင်ပွဲနှင့် ယူ-၁၉ အာရှဖလားပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သွားရေးတို့ကို အကျယ်တဝင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။**(အပေါ်ယာပုံ)**

မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းအများစုမှာလည်း အမျိုးသမီးလိဂ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ရန် စနစ်တကျ ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းများ အောင်မြင်မှုရရှိရေးအတွက် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသီးသီး ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ထို့အပြင် အမျိုးသမီးဘောလုံးလောကကို ဦးဆောင်ဦးရွက်ပြုလှုပ်ရှားမည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အမျိုးသမီးလုပ်ငန်းရှင်များနှင့် ဝါသနာရှင်များက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာသည့် အားကစားသမားများအား တစ်ဦးချင်း ရင်းနှီးစွာ နှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ တွေ့ဆုံဆွေးနွေးပွဲသည် မြန်မာ့သမိုင်းတွင် အမျိုးသမီးဘောလုံးလောက တိုးတက်ရေးအတွက် ပထမဆုံးအကြိမ်အဖြစ် အကျယ်တဝင့် ကျင်းပသော ဆွေးနွေးပွဲဖြစ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းဆွေးနွေးမှုများစွာ ပြုလုပ်နိုင်ခဲ့သည်။ လက်ရှိမြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းများအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှခြေစစ်ပွဲနှင့် ယူ-၁၉ အာရှဖလားပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားရန် ရှိသကဲ့သို့ ယူ-၁၄ အမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲကဲ့သို့ နိုင်ငံတကာပြိုင်ပွဲများလည်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အလားတူ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်ရှိနေပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ပထမဆုံးအကြိမ်အဖြစ် ဆီးဂိမ်းတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးရန်လည်း ကြိုးပမ်းပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မြန်မာ့သမိုင်းတွင် ပထမဆုံးသော Women's Football Comittee မကြာမီ ထွက်ပေါ်လာမည်

မြန်မာ့ဘောလုံးသမိုင်းတစ်လျှောက်တွင် ပထမဆုံးသော အမျိုးသမီးဘောလုံးကော်မတီ (Women's Football Comittee) မကြာမီ ထွက်ပေါ်လာတော့မည်ဖြစ်သည်။

အမျိုးသမီးဘောလုံးလောက အောင်မြင်မှုပိုမိုရရှိရေးအတွက် မတ် ၂၄ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည့် "အမျိုးသမီးဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲ" တွင် အမျိုးသမီးဘောလုံးကော်မတီဖွဲ့စည်းရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌမှ လမ်းညွှန်အကြံပေး တိုက်တွန်းခဲ့ရာ ဆွေးနွေးပွဲတက်ရောက်လာကြသည့် အမျိုးသမီးလုပ်ငန်းရှင်များနှင့်ဝါသနာရှင်များမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် တညီတညွတ်တည်း သဘောတူထောက်ခံဆွေးနွေးခဲ့ကြသည်။

"ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အဖွဲ့ဝင်နိုင်ငံတွေမှာ အမျိုးသမီးသီးသန့် အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်နေကြတာရှိပေမယ့် အရေအတွက်နည်းနေပါသေးတယ်။ ကျွန်တော်တို့ကလည်း အမျိုးသမီးဘောလုံးလောကကို အခုထက်ပိုမိုအောင်မြင်မှုရရှိဖို့ ကြိုးပမ်းနေကြတာဆိုတော့ သူများထက်သာချင်ရင် ကျွန်တော်တို့ သူများထက် အရင်ဦးအောင်လုပ်ထားကြရပါမယ်။ အမျိုးသမီးဘောလုံးကော်မတီတစ်ရပ် မကြာမီအချိန်အတွင်း စနစ်တကျပေါ်ထွက်လာတော့မှာဖြစ်လို့ တက်ရောက်လာသူအားလုံးအထူးသဖြင့် အမျိုးသမီးဘောလုံးကော်မတီကို အကောင်အထည်ဖော် ဆောင်ရွက်မည့်သူအားလုံးကို အထူးပဲကျေးဇူးတင်ကြောင်း ပြောလိုပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းများသည် ယခုနှစ်အတွင်းနှင့် ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် ရှိသကဲ့သို့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (နေပြည်တော်)တွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ရန်လည်း ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။ အလားတူ အာရှဖလားပြိုင်ပွဲမှသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲများသို့ တက်ရောက်ကစားရန် ရေရှည်စီမံကိန်းများဖြင့် စနစ်တကျ ကြိုးပမ်းပြင်ဆင်သွားမည်ဖြစ်ရာ အမျိုးသမီးဘောလုံးကော်မတီသည် အဆိုပါကဏ္ဍများအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ စနစ်တကျ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးဘောလုံးကော်မတီအား အတည်ပြုဖွဲ့စည်းပြီးပါက ထပ်မံသတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

(ဇော်မင်းအောင်)

မောတောင်စခန်းမှ စွမ်းအားများ

နေပြည်တော် မတ် ၂၆

မောတောင်မှာ တာဝန်ထမ်းဆောင်ရင်း သဘာဝအလှအပများကို ငေးမောနေမိသည်။ တာဝန်အရ ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ကြရသည်။ ပတ်ဝန်းကျင်တွင် လူသူအရောက်အပေါက်နည်း၍ မစည်ကားသေးသော်လည်း ဒေသခံများ၏ ဆီအုန်းခြံများ၊ ဥယျာဉ်ခြံလုပ်သားများကြောင့် ယခင်ကလို ပျင်းခြောက်ခြောက် မဖြစ်တော့ပါ။ လူနေမစည်ကားသေးဟု ဆိုရသော်လည်း ဒေသခံနှင့် ရွှေ့ပြောင်းလုပ်သားများ ဤဒေသ မောတောင်ရွာတွင် လူဦးရေ ၅၀၀၀ ကျော်လောက် ရှိနေပြီဖြစ်သည်။

ဈေးဆိုင်တန်းများ၊ ကုန်စုံဆိုင်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများပါ တဖြည်းဖြည်း လူနေများပြားနေပြီဖြစ်ရာ မကြာမီစည်ကားလာတော့မည်မှာ ဧကန်မလွဲ ဖြစ်ပေသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်သည်လည်း ဒေသဖွံ့ဖြိုးရေးအတွက် လက်ရှိအခြေအနေနှင့် တစ်ဖက်နိုင်ငံ၏ အနီးစပ်ဆုံးမြို့ ပကျွတ်မြို့တစ်ဝိုက် စည်ကားမှုအခြေအနေတို့ကို လေ့လာ၍ မိမိဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရေ၊ မီးပြည့်စုံစွာရရှိရေး၊ မြို့ရွာနေရာချထားမှု စနစ်တကျရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဌာနဆိုင်ရာများ စနစ်တကျရှိရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေစိုးမိုးရေး၊ ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ကာ အကောင်းဆုံးဆောင်ရွက်နိုင်ရန် စီမံလျာထားလျက်ရှိပေသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်မှ ပြောင်းရွှေ့ပေးခဲ့ပြီး ရွှေပြည်သာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၃၃၀) မြေအမည်ပေါက် ဦးမြအေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/လမန(နိုင်)၀၈၇၆၇၀]ထံမှ ဝယ်ယူထားသူ ဒေါ်ဝင်းဝင်းမြိုင်၊ မှတ်ပုံတင်အမှတ် SPTA ၊ ၀၁၇၀၉၇ မှ မြေချပါမစ်ထုတ်ပေးပါရန် ပိုင်ဆိုင်မှု အထောက်အထားများ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက် ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်အား ထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
နေပြည်တော်

ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ယုဇနလမ်း၊ တိုက်အမှတ်-၃၁၊ အခန်း-၀၀၁(ဝဲ)၏ လက်ရှိပိုင်ရှင်ဦးချမ်းမြေ့ YKN-005852 ၏ ယင်းအခန်းပိုင်ဆိုင်မှု စာချုပ်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ၎င်းအခန်း၏ ပိုင်ဆိုင်မှုအား ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်ရာရုံးသို့ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-
ယုဇနစင်တာ၊ အမှတ်(၁၃၀)၊
တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်။
ဖုန်း-၅၄၀၇၄၂၊ ၅၄၀၇၄၇၊ ၅၅၈၉၇၃

ဒိုဘာမင်

ခွေးသားပေါက်ရောင်းရန်။

ဖုန်း -၀၁-၅၈၀၉၃၉၊ ၀၉၅၀၀၀၉၇၄

Golden Retriever

ဝဝကစ်ကစ်ကလေးများ ရောင်းရန်ရှိသည် ကာကွယ်ဆေးထိုးပြီး Golden Retriever သားပေါက်ကလေးများရောင်းရန်ရှိသည်။

NO-၇၁၆၊ ခေမာလမ်း၊ (၂၁)ရပ်ကွက်၊ တောင်ဒဂုံ၊ ဖုန်း-၀၉-၄၅၀၀၁၈၃၃၃

မီး သတိပြု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမဟာထေရ်မြတ်ကြီး

သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်၊ ကျေးဇူးတော်ရှင်ဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ သက်တော်(၈၀)၊ သိက္ခာတော်(၆၀)သည် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်)၊ ဗုဒ္ဓဟူးနေ့ည ၁၁း၃၈ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

(၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်) ၂၈-၃-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မစိုးရိမ်တိုက်သစ်ကြီး၌ ဈာပနအခမ်းအနားကျင်းပမည်ဖြစ်ပြီး ရုပ်ကလာပ်တော်အား ဧရာဝတီမြစ်ကမ်းဘေး ရှမ်းလေးကျွန်းမြောက်ဘက် အန္တိမအဂ္ဂိဈာပနကွင်းတွင် တေဇောဓာတ်ပူဇော်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့်ဒါယကာ၊ ဒါယိကာမများ

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးဘိုမောင်ကြီး

(ဒါရိုက်တာ၊ အင်းပေါက်ဝကုမ္ပဏီ)

(၂၇-၃-၂၀၀၉ - ၂၇-၃-၂၀၁၃)

မိသားစုအပေါ်မှာ မေတ္တာကြီးမားစွာဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့သော ပါပါ မိသားစုနှင့် ခွဲခွာခဲ့သည်မှာ ယနေ့ဆိုရင် (၄)နှစ်ပြည့်မြောက်ခဲ့သော်လည်း တစ်နေ့တစ်ရက်မှ မမေ့နိုင်ခဲ့ပါ။

ပါပါ အတွက်ရည်စူး၍ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သော ပြုလုပ်ဆဲ ကုသိုလ်ကောင်းမှုများနှင့် ယနေ့ ပြုလုပ်သော ဆွမ်းဒါန ကုသိုလ်အစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ ပါပါသာခုခေါ်ဆိုနိုင်ပါစေ။

အမျှ-အမျှ-အမျှ---

ချစ်ဇနီး	- ဒေါ်မခင်(Director-Inn Pauk Wa Co.,Ltd)
ချစ်သမီးများ	- မဦးလှရီ@ခိုင်မြတ်ဝေ-ကိုသန်းထွန်းဦး(Ever Nice Fashion)
	- မမြကျော့ရီ-ကိုထွန်းထွန်းဦး(BMG Purified Drinking Water)
	- မလှသန်းရီ(Director, West Bridge Co.,Ltd) -ကိုအောင်ကိုမင်း
	- မနှင်းနန္ဒာဝင်း(Cafe' Oreo, Taw Win Center)
	- ဒေါက်တာနှင်းသူဇာဝင်း
ချမ်မြေးများ	- အေးချမ်းမြေ့သွယ်၊ ဘိုဟိန်းခန့်၊ ဟိန်းထွဋ်လင်း၊ အိတုံ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

လပွတ္တာမြို့နယ် တရားမရုံး

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၄၁)

ဒေါ်မြမြစိုး	နှင့်	ကိုထွန်းထွန်းဝင်း
တရားလို		**တရားပြိုင်**

ပြင်စလူမြို့နယ်၊ ဥက္ကံကြီးကျေးရွာအရပ်နေ ကိုထွန်းထွန်းဝင်း(ဘ)ဦးတင်ဟန်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုကအကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ ဧပြီလ ၃ရက်၊ (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ မတ်လ ၁၃ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ကြူကြူဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး
လပွတ္တာမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ စိန်ပန်းလမ်းမ၊ အမှတ်(၁၀၄)ရှိ ဦးသံချောင်း အမည်ပေါက်ဟုခေါ်တွင်သော မြေကွက် ပေ(၄၀×၆၀) အကျယ်အဝန်းကို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအေးငွေ မှတ်ပုံတင်အမှတ်[၁၂/ကမရ(နိုင်)၀၁၃၄၇၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေ ဦးတင်စိန်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးတင်စိန်၏ညွှန်ကြားချက်အရ-
ဦးတင်ထွန်း (LL.B.,LL.M)
(မဟာဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၆၊ ပြည်ထောင်စုလမ်းမကြီး၊ ၂၄ရပ်ကွက်၊ ဒဂုံတောင်တရားရုံးရှေ့
ဖုန်း-၀၉-၄၉၂၅၅၆၀၇၊ ၀၉-၄၂၁၀၁၈၁၂၉

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဇောနိုင် (၆၅)နှစ်
(ဥပဒေပညာရှင်)
တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန

ဥပဒေရေးရာကိစ္စများတွင် စိတ်ရောကိုယ်ပါ များစွာကူညီဆောင်ရွက်ပေးခဲ့သည့် ဥပဒေပညာရှင်ဦးကျော်ဇောနိုင် အသက်(၆၅)နှစ်သည် ၂၁-၃-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးကိုကိုနိုင် (၆၃)နှစ်
အထွေထွေမန်နေဂျာ(ငြိမ်း)၊ ကုန်းလမ်းပို့ဆောင်ရေး

ဦးတင်စိုး(ပါမောက္ခချုပ်-ငြိမ်း၊အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ မန္တလေး)-ဒေါ်သက်သက်နိုင်(ကထိက၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ မန္တလေး)တို့၏အစ်ကိုကြီး ဦးကိုကိုနိုင်(အထွေထွေမန်နေဂျာ-ငြိမ်း၊ ကုန်းလမ်းပို့ဆောင်ရေး) အသက်(၆၃)နှစ်သည် ၂၄-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဘေဘီသန်း
အသက်(၅၉)နှစ်

အီတလီနိုင်ငံ၊ ရောမမြို့ (မြန်မာသံရုံး)မှ သံအရာရှိ ဒေါ်ရွှေဝါဝင်းမြတ်၏ မိခင် ဒေါ်ဘေဘီသန်းသည် ၂၅-၃-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အီတလီနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမိသားစုများ
မြန်မာသံရုံး၊ ရောမမြို့၊ အီတလီနိုင်ငံ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာရဲညွှန့်(ထားဝယ်)
အသက်(၄၂)နှစ်
M.B.,B.S(Yangon)

သူငယ်ချင်းဒေါက်တာရဲညွှန့်သည် ၂၁-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းဒုတိယဗိုလ်မှူးကြီးဇော်နိုင်ထွန်းနှင့်ဒေါ်နီနီထွေး(မိသားစု)

မောင်ကောင်းမြတ်ကျော်(သားကြီး)
အသက်(၂၁)နှစ်
ပထမနှစ်(ဥပဒေ) (အဝေးသင်)
ရွှေကြယ်စင်ငါးရောင်းဝယ်ရေး(တွံတေးမြို့)

ရန်ကုန်မြို့၊ ရွှေမာလာရိပ်မွန်နေ (ဦးလွန်း)-ဒေါ်ဆား၊ အမှတ်(၇၈၅)၊ ဗိုလ်ချုပ်လမ်း၊ မင်းပိုင်းရပ်၊ တွံတေးမြို့နေ (ဦးသိန်းချို)-ဒေါ်ချစ်တို့၏မြေး၊ ဦးအောင်ချစ်သိန်း-ဒေါ်ခင်စန်းရီတို့၏ ချစ်လှစွာသောသားကြီး၊ မောင်ထက်ဝေယံနိုင်၊ မယမင်းသီရိသိမ့်(ပထမနှစ်၊ သချၤာ၊ဒဂုံတက္ကသိုလ်)၊ မယွန်းသီရိအောင်(Grade-IX-ဒဂုံ-၁)၊ မောင်အောင်စွမ်းပိုင်(GradeV-ဒဂုံ-၁)တို့၏ အစ်ကိုကြီးသည် ၂၅-၃-၂၀၁၃ (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (တွံတေးနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစောဝင်းသန်း(ဘားအံ)
အသက်(၆၈)နှစ်

ဘားအံမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂/၅)နေ (ဦးစောချစ်သန်း-ဒေါ်လှလှကျင်)တို့၏ သားကြီး၊ ဦးစောမျိုးသန်း-ဒေါ်ထား၊ ဦးစောမိုးမြင့်-ဒေါက်တာနော်ဘေဘီသန်း၊ ဦးစောပြည်အေး-ဒေါ်စန်းခင်တို့၏ အစ်ကိုကြီး၊ နော်ခရေဝင်းသန်း၊ စောပြည့်ဖြိုးဝင်းသန်းတို့၏ ဖခင်၊ ဒေါ်စိန်သိန်း၏ခင်ပွန်း ဦးစောဝင်းသန်းသည် ၂၃-၃-၂၀၁၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ကြည်ထွန်း
အသက်(၅၆)နှစ်
ပုသိမ်ညွှန့်ရပ်ကွက်၊ တာမွေ
(မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာ၊ ဥက္ကဋ္ဌ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ မီးရထားဝင်းနေ (ဦးလှထွန်း-ဒေါ်လှရှိန်)တို့၏သမီးငယ်၊ ဦးလှမြင့်၏ ဇနီး၊ မောင်ကျော်ကျော်အောင်၊ မောင်သူရအောင်၊ မသဲဖြူဖြူအောင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားဒေါ်ခင်ကြည်ထွန်းသည် ၂၅-၃-၂၀၁၃(တနင်္လာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်အက်စတယ်လာ
အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးစောဟာရီ-ဒေါ်ထွေးမေ)တို့၏ သမီး၊ အမေရိကန်နိုင်ငံနေ(ဗိုလ်မှူးကျော်မြင့်)-ဒေါ်ကြူကြူတို့၏ သမီးရွေးမ၊ ဦးကျော်ဒိုက်(ဘိုဘို) **@ RAMDOLPH** ၏ ဇနီးသည် ၂၃-၃-၂၀၁၃ ရက် ဒေသစံတော်ချိန် ည ၁၂း၃၅ နာရီတွင် အမေရိကန်နိုင်ငံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၂၈-၃-၂၀၁၃ ရက် ညနေ ၆း၃၀ နာရီတွင် STAM FORD မြို့ FLORIDAR ပြည်နယ်၊ PINECREST BAPTIST CHURCH ၌ ဝတ်ပြုဆုတောင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်ဦးမောင် (၅၅)နှစ်
နိုင်ငံခြားကုန်သွယ်မှုဘဏ်(ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၇၇)၊ မလွကုန်းလမ်းနေ (ဦးချစ်သိန်း-ဒေါ်ရင်စိန်)တို့၏သား၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်မိမိစိန်တို့၏ မောင်၊ ဦးထွန်းထွန်းဦး၊ ဦးဇော်ဇော်၊ဦးသက်ဇော်၊ ဦးသက်ညွှန့်တို့၏ အစ်ကို၊ ဒေါ်စန်းစန်းလှ၏ ခင်ပွန်း၊ မစန္ဒာမြင့်မောင်၊ မလေးလေးမြင့်မောင်တို့၏ ဖခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ ဦးလေး ဦးမြင့်ဦးမောင်သည် ၂၄-၃-၂၀၁၃ (စနေနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၃-၂၀၁၃(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အနိစ္စ

ဒေါ်ငွေငွေ
အသက်(၈၂)နှစ်
(သုဝဏ္ဏ၊ မေတ္တာညွန့်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကဝိပုညလမ်း၊ တိုက်(၄)၊ အခန်း(၇)နေ ဦးမျှင်ကြူ၏ဇနီး၊ ဦးဘဟိန်း(ညွှန်မှူး၊အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်)-ဒေါ်စန္ဒာအောင်၊ ဒေါ်ခိုင်၊ ဦးစိုးကြည်-(ဒေါ်မြိုင်)ဒေါ်လှိုင်၊ ဦးဘငြိမ်း(စင်ကာပူ)-ဒေါ်အိအိထွေး၊ မဖြူသွဲ့ထွေးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွား ဒေါ်ငွေငွေသည် ၂၅-၃-၂၀၁၃ရက် ညနေ ၆း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်တင်ကြည် (၇၈)နှစ်
(မုဒုံတံခွန်တိုင်၊ မော်လမြိုင်)

မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ တောင်ဝိုင်းလမ်း၊ အမှတ်(၃၆)နေ ဦးကြီးစိန်(ပညာရေးမှူး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်လေးနွယ်(အထက-၉၊ မော်လမြိုင်)၊ ဦးဉာဏ်နွယ်၊ (ဦးလှနွယ်)၊ ဦးမြင့်နွယ်၊ (ဦးဇင်နွယ်)၊ ဦးညီညီနွယ်-ဒေါ်မိုးမိုးကျော်၊ (ဦးဇော်မင်း)-ဒေါ်ခင်ဖြူနွယ်၊ဒေါ်အိအိနွယ်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ မအိမ့်မှူးခင်(အထက-၉)၊ မောင်ကောင်းမင်းခန့်(အထက-၉)တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်တင်ကြည်သည် ၂၄-၃-၂၀၁၃(တနင်္ဂနွေနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသောင်းတင်
အသက်(၇၅)နှစ်
ကုန်သွယ်လယ်ယာ(ငြိမ်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၁)၊ သုံးလွှာ/ခြေရင်းနေ (ဦးဘမောင်-ဒေါ်မယ်ဆင်)တို့၏ သား၊ (ဦးကြီးမောင်)-ဒေါ်ခင်မိတို့၏ သားသမက်၊ ဒေါ်ခင်မြင့်မြင့်(ဒု-ဦးစီးမှူး-ငြိမ်း၊ ပြည်တွင်းအခွန်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဇင်၊ ဦးမျိုးဇော် (UNITEAM MARINE)၊ ဒေါ်သွယ်သွယ်ဇင်၊ ဦးခိုင်ဇင်(BERNHARD SHULETTE Shipping Co., Ltd.)တို့၏ ဖခင်ကြီး၊ မောင်မင်းသွေးအောင်၊ မောင်ထက်သွေးအောင်၊ မောင်သန့်ထက်အောင်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၁၃ ရက် နံနက် ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃ ရက် နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်တင်တင်မူ(ခ)ဒေါ်မူ
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးရွှေညာမောင်-ဒေါ်ဝင်း)တို့၏ သမီး၊ လှိုင်သာယာမြို့နယ်နေ (ဦးတင်အောင်-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၄၆၃)၊ ရွှေကြီးလမ်း၊ စဉ့်ကူရပ်ကွက်၊ အောင်ဆန်းနေ (ဦးခင်ဦး)၏ဇနီး၊ ကိုတင်ဆွေဦး-ဒေါ်ခင်အေး၊ ဦးတင်ထွန်းအောင်(BSN Shipping)-ဒေါ်ယုယုစမ်း ၊ ဦးနန္ဒာအောင်(BSN Shipping)-ဒေါ်ဇာဇာလှိုင်တို့၏ ချစ်လှစွာသောမိခင်၊ မမေဇွန်ဦး၊ မောင်ပိုင်ဇင်ဦး၊ မသော်တာတင်ထွန်းအောင်၊ မဂျူးအိန္ဒြေကို၊ မောင်မြတ်ဒီပါအောင်တို့၏ အဘွား ဒေါ်တင်တင်မူသည် ၂၅-၃-၂၀၁၃ (တနင်္လာနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အန်းကျုံး(ခ)ဒေါ်အေး(မော်လမြိုင်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၁၀၀)၊ ရိပ်သာ(၅)လမ်း၊ မိချောင်းကန်အပိုင်း(၁)ရပ်ကွက်နေ (ဦးကစ်)၏ ချစ်လှစွာသောဇနီး၊ (ဦးမင်းလွင်)-ဒေါ်မြင့်မြင့်သွယ်(ဦးမင်းလွင်လျှပ်စစ်၊ ယုဇနပလာဇာ)၊ ဦးကျော်ငွေး-ဒေါ်မြင့်မြင့်ဆွေ (Kyaw Enterprise Co., Ltd.)၊ ဦးသန်းငွေး- ဒေါ်ခင်ဝင်းနွယ်(ဒေါ်လာလျှပ်စစ်၊ မော်လမြိုင်)၊ ဦးကြည်စိန်-ဒေါ်ခိုင်သူဇာငွေး(ယဉ်ဇာလျှပ်စစ်၊ မန္တလေး)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၈ ယောက်၊ မြစ် ၁၈ ယောက်တို့၏ ဘွားဘွားကြီး ဒေါ်အန်းကျုံး(ခ)ဒေါ်အေးသည် ၂၅-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၁း၄၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၃(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူးကျန်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး
ဒေါ်မြအေး
အသက်(၈၂)နှစ်

တွံတေးမြို့နေ (ဦးမောင်လှိုင်-ဒေါ်ညွှန့်မေ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာရိပ်သာ၊ (၁၆)ရပ်ကွက်၊ အမှတ်(၁၃)၊ B/C နေ ဦးကိုကိုကြီး(ငြိမ်း/ဆည်မြောင်း၊ လှိုင်ကော်-တောင်ကြီး)၏ချစ်လှစွာသောဇနီး၊ ဦးစိုင်းဆမ်-ဒေါ်အေးအေးမင်း(သိဒ္ဓိစိန်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်အေးအေးသင်း၊ ဦးခင်မောင်ဆွေ(ဒု-အင်/ချုပ်၊ တံတားဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေး)-ဒေါ်ခင်ခင်သော်၊ ဦးကျော်ကျော်(စန်းမော်ပရိဘောဂ၊ တောင်ကြီး)-ဒေါ်သီတာနှင်း၊ ဦးမောင်မောင်သွင်-ဒေါ်ပိတောက်ဝါ(ခ)အဲအဲ (Labour Asia Services)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ၁၁ ယောက်တို့၏ အဘွား ဒေါ်မြအေးသည် ၂၅-၃-၂၀၁၃(တနင်္လာနေ့) ည ၉း၃၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
ဗိုလ်မှူးတင်အုန်း(ငြိမ်း) (၆၃)နှစ်
OTS(45)
သတင်း၊ မှတ်တမ်း၊ ဓာတ်ပုံသတင်းထောက်ချုပ်
ဥက္ကဋ္ဌ-အလင်းသစ်စပိဘုတ်အမြန်ရေယာဉ်လိုင်းသစ်

မြိတ်မြို့၊ ဘုရားကိုင်ရပ်နေ (ဦးထူးဖေ-ဒေါ်လှတင်)တို့၏ သား၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ခြံအမှတ်(၉)နေ (ဗိုလ်မှူးအောင်ဇေ-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ဦးဝင်းကြည်၏ ညီ၊ ဒေါ်စန်းဝေ၏ အစ်ကို၊ (ဒေါ်ခင်သန်းမေ)၏ ခင်ပွန်း၊ ကိုစောရန်အောင်(Marubeni Coporation)-နော်ခူဆဲလ်(Creation Myanmar)၊ ကိုထွန်းရန်အောင်(E/O Golden Eagle Co., Ltd.)၏ မွေးသဖခင်၊ ဒါရိုက်တာဇွန်မောင်မောင်-သတင်းစာဆရာဒီစိုး၏ အစ်ကိုကြီး ဦးတင်အုန်း (ဗိုလ်မှူးတင်အုန်း-ငြိမ်း)သည် ၂၆-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၃း၅၀ နာရီတွင် အမှတ်(၅၇)၊ (၆)လမ်းမြောက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)
ဦးအုန်းငွေ (၉၆)နှစ်
သက်ကြီးကန်တော့ခံပုဂ္ဂိုလ်

ကမာရွတ်မြို့နယ်၊ပြည်လမ်း၊ အမှတ်(၆၁၇-B)နေ ရာသက်ပန်အသင်းဝင် ဒေါ်သိန်းလှ၏ ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်ဒေါ်ဖွားသန့်၏ဖခင် ရာသက်ပန်အသင်းဝင် ဆရာကြီး ဦးအုန်းငွေသည် ၂၅-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဦးထွန်းတင် (၉၁)နှစ်
(ရဲအုပ်-ငြိမ်း၊ ယာဉ်မှုစစ်ဌာနစု)
ယာဉ်ထိန်းဌာနခွဲ၊
ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်
ရန်ကုန်တိုင်းဒေသကြီး
(ကျုံကဒါတ်/ကျိုက္ကမီ)

ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်ရွှေမင်းဦး)တို့၏ သား၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ်ကျေးရွာနေ (ဦးဘိုးရွှေ-ဒေါ်နှင်းမြ)တို့၏ သားသမက်၊ အခန်း(၃၀၁)၊ တိုက်အမှတ်(၂၄)၊ (၂)လမ်း၊ (B)၊ ယုဇနဥယျာဉ်မြို့တော်နေ (ဒေါ်လှတင်)၏ ခင်ပွန်း၊ ဒေါ်စိန်စိန်မြင့်(အထက-၁၊ ပုဇွန်တောင်-ငြိမ်း)၊ ဦးခင်မောင်ထွေး-(ဒေါ်ရွှေကြည်)၊ ဦးသန်းဇော်-ဒေါ်ဆွေဆွေမြင့်(ကျောင်းအုပ်၊ အထက၊ ကျောက်တံခါး)၊ ဦးခင်မောင်သင်(S.S.R Co.)-ဒေါ်ဖြူဖြူဝင်း၊ ဦးမျိုးနိုင်(အကောက်ခွန်၊ စစ်တွေ)-ဒေါ်ဆင့်ဆင့်မော်၊ (ဦးဆန်းလွင်ငွေး)တို့၏ ဖခင်၊ မောင်မြတ်မင်းမောင်-မနှင်းဇာမွန်၊ မောင်ကျော်ဇေဟိန်း-မမြတ်ကေသွယ်၊ (မောင်ဇေယျမင်း)၊ မောင်အောင်ခန့်၊ မောင်ဇေယျာမျိုး၊ မောင်ကျော်မင်းသူတို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရင်စိန်
အသက်(၈၂)နှစ်

ဘီးလင်းမြို့၊ မုသင်ကျေးရွာနေ (ဦးအုန်းခင်-ဒေါ်သင်းချို)တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းလမ်း၊ (၇၇)နေ (ဦးချစ်သိန်း)၏ ဇနီး၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်မိမိစိန်၊ (ဦးမြင့်ဦးမောင်)၊ ဦးထွန်းထွန်းဦးတို့၏ မိခင်၊ ဦးဇော်ဇော်၊ ဦးသက်ဇော်၊ ဦးသက်ညွှန့်တို့၏အဒေါ်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၂၅-၃-၂၀၁၃ (တနင်္လာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ရေတွင်း၊ရေကန် ဒါယိကာမကြီး
ဒေါ်မြအေး
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒေါ်မြစိန်၊ ဦးဉာဏ်တိုး(လ/ထညွှန်မှူး-ငြိမ်း)-ဒေါ်ဝါဝါခင်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏ ချစ်လှစွာသော အစ်မကြီး၊ ရန်ကင်းမြို့နယ်နေ ဗိုလ်ကြီးစိုင်းမောင်မောင်သော်-မမီမီပြုံး၊ မောင်ချိုသက်မောင်(C/O ၊ မြန်မာ့ကြယ်ငါးပွင့်)-မနန်းဆုမြတ်စန္ဒီမဒီသီရိဇော်၊ မောင်စိုင်းစစ်မိုးသော်၊ မထက်နန္ဒာဇော်၊ မဟန်နီဦး၊ မောင်ဉာဏ်ထက်အောင်၊ မောင်သီဟဇော်၊ မောင်လှမျိုးသွင်၊ မလမင်းသီရိ၊ မောင်ဇေယျာလင်းတို့၏ ချစ်လှစွာသောအဘွား၊ တူ၊တူမခြောက် ယောက်တို့၏ ကြီးကြီး ဒေါ်မြအေးသည် ၂၅-၃-၂၀၁၃ (တနင်္လာနေ့) ည ၉း၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအုန်းငွေ (၉၆)နှစ်
(B.A, Dip.E.d)
မြို့နယ်ပညာရေးမှူး(ငြိမ်း)

နတ်တလင်းမြို့နေ ဒေါ်သိန်းလှ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆၁၇-B)၊ ပြည်လမ်းနေ ဦးတင်မောင်ဝင်း(အကြီးတန်းအုပ်ချုပ်ရေးအရာရှိ-ငြိမ်း၊ မြန်မာ့ရေနံ)-ဒေါ်ဖွားသန်း(အထက-၅၊ ကမာရွတ်-ငြိမ်း)၊ ဒေါက်တာအောင်တင့်(ဦးစီးအရာရှိ တိမွေးကုဌာန-ငြိမ်း)-ဒေါ်အေးကြည်၊ ဦးငွေးဝင်း(အမေရိကန်သံရုံး)-ဒေါ်စန်းစန်းမူ(ဌာနခွဲမှူး-ငြိမ်း၊ M.P.P.E)တို့၏ ချစ်လှစွာသောဖခင်၊ ဗိုလ်မှူးစည်သူ(ငြိမ်း)-ဒေါ်ခိုင်ခိုင်တင်၊ ဒေါ်သူဇာတင်၊ ဒုတိယဗိုလ်မှူးကြီးစိုးမင်းသူ(ငြိမ်း)(ဒု-ညွှန်ကြားရေးမှူး၊ စက်မှု)-ဒေါက်တာဒေါ်နီလာတင်မောင်ဝင်း၊ မကေသီဇွန်၊ မောင်ဝင်းနိုင်-မခိုင်မေကိုး၊ မဇင်မေကိုး၊ မထက်ထက်ဦး၊ မယမင်းအေး၊ မစံထိပ်ထားလင်း၊ မထက်နန္ဒာအောင်၊ မဆုရတီစိုး၊ မောင်အောင်ကောင်းဆက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၆း၅၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြမောင် (၈၅)နှစ်
(သဘော်ကျောင်း-ငြိမ်း၊ ဒေါပုံ)
C.D.C-7110

ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းမြို့၊ ဂုံးတဲ(တောင်)နေ (ဦးဘညွှန့်-ဒေါ်အေး)တို့၏ သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာရိပ်မွန်အိမ်ရာ၊ AI(32) နေ ဒေါ်နီ၏ ခင်ပွန်း၊ ဦးဇော်မင်း-ဒေါ်ငွေးငွေး၊ ဦးအောင်ကျော်ဦး-ဒေါ်မြင့်မြင့်ရှိန်၊ (ဦးဝင်းဦး)တို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သီတာစန်း
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ်(၂၈၄/၂၈၆)၊ တိုက်(A)၊ အခန်း(၄)၊ ပထမထပ်၊ ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်နေ (ဦးဘစန်း-ဒေါ်စန်းမြင့်)တို့၏ သမီး၊ (ဦးစိန်လင်း၊ Sun Cafe)၏ဇနီး၊ ဦးထင်အောင်-ဒေါ်သိန်းသိန်းစန်းတို့၏ ညီမ၊ ဦးအောင်အေးလင်း-ဒေါ်စန္ဒာမျိုး၊ ဦးကျော်ကျော်လင်းတို့၏ မိခင်၊ မောင်ဟိန်းထက်အောင်၏အဘွား ဒေါ်သီတာစန်းသည် ၂၆-၃-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ထားရီ(ခ)ဒေါ်နှင်းဆီ(ရုပ်ရှင်သရုပ်ဆောင်)
အသက်(၇၀)

မြောင်းမြမြို့နေ (ဦးဘိုနီ-ဒေါ်သိန်းကြည်)တို့၏သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးစီးယား-ဒေါ်အုန်းကြင်)တို့၏သမီးချွေးမ၊ ဒေါ်တင်နီသိန်း-(ဦးမင်းနိုင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မမ္မဝိဟာရလမ်း၊ အမှတ်(၁၇)၊ မြေညီထပ်နေ ဦးဝင်း၏ ချစ်လှစွာသောဇနီး၊ ကိုကျော်သူဝင်း-မခင်မမ၊ ကိုထင်အောင်ဝင်း-(မကြည်ကြည်စန်း)၊ ကိုထင်ဇော်ဝင်း၊ ကိုသူရဝင်း-မခင်သီတာ၊ မဇာဇီထက်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွား ဒေါ်ခင်ထားရီ(ခ)ဒေါ်နှင်းဆီ(ရုပ်ရှင်သရုပ်ဆောင်)သည် ၂၅-၃-၂၀၁၃ရက် ည ၁၀း၃၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဘေဘီသန်း
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၇၂)နေ (ဦးအောင်စိန်-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးရန်ရှင်း-ဒေါ်ဖွားညွှန့်)တို့၏ သမီးချွေးမ၊ (ဦးမောင်ကြီး)၏တူမ၊ (ဦးမြတ်စိန်)၏ဇနီး၊ ဒေါက်တာ ဇေယျာမင်းမြတ်-မဝါဝါဝင်း၊ ဦးရဲမင်းမြတ်(St.John)-ဒေါ်ကေသီနွယ်၊ မရွှေဝါဝင်းမြတ်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မခင်ဆွေဝင်းမြတ် (အထက-၁၊ ဒေါပုံ)တို့၏မိခင်၊ မရည်မွန်မြတ်နိုး၊ မယုမြတ်နွယ်တို့၏အဘွားသည် ၂၅-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၁၃ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးသန်းထွန်း (၇၃)နှစ်
(B.A, HGP, R.L)
အထက်တန်းရှေ့နေ
ဦးစီးအရာရှိ(ငြိမ်း)၊သမဝါယမဦးစီးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အမှတ်(၂၀)၊(၃-A)၊ ရွှေလဝင်းလမ်းနေ (ဦးတင်မောင်-ဒေါ်တင်ပု)တို့၏ သား၊ (ဦးကျော်ရင်-ဒေါ်စောရီ)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်ရီ(အလပြ-ငြိမ်း၊ အထက-၁၊ ကြည့်မြင်တိုင်)၏ ခင်ပွန်း၊ (ဦးခင်မောင်လတ်)-ဒေါ်စောနုတို့၏ မောင်၊ ဦးအောင်ကြီး-ဒေါ်ခင်အေးမူတို့၏ အစ်ကိုကြီး၊ ဦးဇော်မျိုးထွန်း(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး)-ဒေါ်ရီရီအောင်(တာမွေမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)၊ မဥမ္မာထွန်းတို့၏ ဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၆-၃-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရ ဒေါက်တာလှဝင်းအောင်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ပေးအပ်ချီးမြှင့်စဉ်။(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နေပြည်တော်ရှိ ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာ မိဘပြည်သူများနှင့် အထူးစည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

တပေါင်းလပြည့်နေ့အခါသမယတွင် နေပြည်တော်ရှိ ဘုရား၊ ပုထိုးစေတီတော်တို့၌ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် မတ် ၂၆

ယနေ့သည် တပေါင်းလပြည့်နေ့အခါသမယဖြစ်သည်နှင့်အညီ နေပြည်တော်ရှိ ဘုရား၊ ပုထိုးစေတီတော်တို့၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိရာ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ ဉပ္ပါတသန္တိစေတီတော်၌ ယနေ့နံနက်ပိုင်း ပဌမအကြိမ် ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပပြီး ညနေပိုင်းတွင် ဘုရားရှင်အား ရည်မှန်း၍ ဉပ္ပါတသန္တိစေတီတော်အား ဆီမီး(၉၀၀၀)ဖြင့် ထွန်းညှိပူဇော်ခြင်း၊ နေပြည်တော်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များက ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းဆက်ကပ်လှူဒါန်း၍ ဒါနသီလ၊ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

အလားတူ ပျဉ်းမနားမြို့ရှိ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၌လည်း ပျဉ်းမနားမြို့ သံလမ်းကျောင်းတိုက် ဆရာတော်နှင့် ဘုရားပွဲတော်ကျင်းပရေး နာယကအဖွဲ့ဝင် ဆရာတော်လေးပါးတို့ကြီးမှူး၍ အကြိမ်(၁၄၀)မြောက် ဆုတောင်းပြည့်လောကမာရဇိန် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပကာ ဆရာတော်သံဃာတော်များနှင့် သာသနာ့ဝန်ထမ်းသီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ပုညဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဓာတုစယ(ဓာတ်ပေါင်းစု)စေတီတော်နှင့် စေတီတော် ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ပျဉ်းမနားမြို့ရှိ သမိုင်းဝင်ဘုရားကိုးဆူစေတီ၊ ကိုးခန်းကြီး ဘုရားနှင့် လှေခွင်းတောင်စေတီတော်တို့၌ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်ကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပုညဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

ကြို့ပင်ကောက်မြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ ပုဒ်မ ၁၄၄ ထုတ်ပြန်

နေပြည်တော် မတ် ၂၆

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် မြို့ပေါ်ရပ်ကွက်နယ်နိမိတ်အတွင်း မတ် ၂၅ ရက်ည ၁၁နာရီခွဲခန့်တွင် ဆူပူဖျက်ဆီးလိုသူတို့က နေအိမ်၊ ဆိုင်ခန်းနှင့် ဘာသာရေးအဆောက်အအုံများကို ဖျက်ဆီးလုပ်ဆောင်လာကြသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးကို ထိခိုက်စေသည့်အပြင် ပဋိပက္ခ ရှုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားလာနိုင်သဖြင့် မြို့ပေါ်ရပ်ကွက်နယ်နိမိတ်အတွင်း စုဝေးခြင်း၊ ဟောပြောခြင်း၊ စီတန်းလမ်းလျှောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ဆန္ဒပြခြင်း၊ ဆူပူခြင်း၊ ရှုန်းရင်းဆန်ခတ်ပြုခြင်းများ မပြုလုပ်ရန်၊ ညနေ ၆ နာရီမှ နံနက် ၆နာရီအတွင်း လမ်းပေါ်မထွက်ရန် စသည်ဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ -၁၄၄ အရ တားမြစ်မိန့်ထုတ်ပြန်ထားကြောင်း၊ ယင်းအမိန့်ကို ယနေ့ ညနေ ၃ နာရီတွင် ထုတ်ပြန်လိုက်ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ အုတ်ဖိုမြို့နယ်တွင်လည်း မတ် ၂၄ ရက် ည ၉နာရီ ၄၅ မိနစ်မှ စတင်၍ ဆူပူအကြမ်းဖက်လိုသူများက နေအိမ်၊ ဆိုင်ခန်း၊ ဘာသာရေးအဆောက်အအုံများအား ဖျက်ဆီးလုပ်ဆောင်လာသဖြင့် အုတ်ဖိုမြို့နယ် မြို့ပေါ် (၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စုအား ယနေ့ ညနေ ၃ နာရီတွင် ပုဒ်မ-၁၄၄ ထုတ်ပြန်၍ တားမြစ်မိန့်ထုတ်ပြန်လိုက်ကြောင်းသိရသည်။

အလားတူ မင်းလှမြို့နယ် လက်ပံရေကျော်ကျေးရွာအုပ်စု၊ တာတွေ့ကျေးရွာနှင့် စစ်ကွင်းကျေးရွာတို့၌လည်း ဆူပူအကြမ်းဖက် ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြသဖြင့် ပုဒ်မ-၁၄၄ ထုတ်ပြန်၍ တားမြစ်မိန့်ထုတ်ပြန်လိုက်ကြောင်း၊ အဆိုပါတားမြစ်မိန့်ကို ယနေ့ ညနေ ၄ နာရီတွင် ထုတ်ပြန်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ကြော်ငြာအပိုလေးမျက်နှာ ပါရှိပါသည်။

ကျော်ငြာ

ပြောင်းဖူးကို သကြားပြောင်း၊ ထောပတ်ပြောင်း၊ ပလို့ပြောင်းနှင့် အနီရောင်ရှမ်းပြောင်းဟူ၍ တွေ့ရပြီး ယေဘုယျအားဖြင့် အဝါမျိုးသည် အချိုဓာတ်ကဲကာ အနီမျိုးသည် အရသာဆိမ့်သည်။ ပြောင်းဖူးကို ပြုတ်၊ သုပ်၊ ကင်၊ ကြော်၊ ကျောက်ကျောစသည်ဖြင့် သရေစာစားကြသလို အချို့ဟင်းလျာများတွင်လည်း သုံးလေ့ရှိကြ၏။

ပြောင်းဖူးထဲတွင်ပါရှိသော သဘာဝကော်ရည်ကစီဓာတ်ပေါင်းစုနှင့် အမျှင်ဓာတ်များသည် လူ့ခန္ဓာကိုယ်ထဲရှိ ဂလူးကို့စ်ကို ပုံမှန်ဖြစ်စေကြောင်း၊ သွေးထဲရှိသကြားဓာတ်ပမာဏကို လျော့ကျစေကြောင်း၊ ပြောင်းဖူးမကြာခဏစားသော အမျိုးသမီးများတွင် ဆီးချိုရောဂါဖြစ်နိုင်ခြေအလားအလာ ၃၀ ရာခိုင်နှုန်း လျော့နည်းကြောင်း၊ အထူးသဖြင့် ပြောင်းဖူးငချိတ်(ခေါ်) ခရမ်းရင့်ရောင်ပြောင်းဖူးသည် ဆီးချိုရောဂါကို ဘေးဥပဒ်ကင်းဝေးစွာဖြင့် ကုသပေးနိုင်ကြောင်း ဂျပန်နိုင်ငံ၏ Biochemical and Biophysical ResearchCommunications မှ ဖော်ပြထားသည်။

ဆီးချို၊ သွေးတိုးလျော့ကျစေသည့် ပြောင်းဖူး

ပြောင်းဖူးထဲတွင်ပါရှိသော မပြည့်ဝဆီသည် သွေးတိုးရောဂါရှိသော အမျိုးသားများကို ၁၂ ရာခိုင်နှုန်း သွေးကျစေပြီး အမျိုးသမီးများကို ငါးရာခိုင်နှုန်း သွေးကျစေသည်။ ဆီးအိမ်ကိုကောင်းစွာ အလုပ်လုပ်စေပြီး ကျောက်ကပ်နှင့်ဆိုင်သော ရောဂါအမျိုးမျိုးတို့ကို ကုသပေးနိုင်စွမ်းရှိသည်။ အထူးသဖြင့် ပြောင်းဖူးပြုတ်ရည်ကို သောက်သုံးခြင်းဖြင့် ဆီးရှင်စေသည်။ ပြောင်းဖူးသည် ကောက်နှံပင်များထဲတွင် ကယ်လိုရီဓာတ်အမြင့်မားဆုံးဖြစ်သောကြောင့် ခွန်အားဖြစ်စေရုံသာမက ၎င်းထဲတွင်ပါရှိသော ဗီတာမင်ဘီဓာတ်ပေါင်းစုသည် ဇီဝကမ္မဆိုင်ရာလုပ်ငန်းဆောင်တာများကို ကူညီပေးသဖြင့် သက်လုံကောင်းစေ၏။

ပြောင်းဖူးထဲတွင်ပါရှိသော အဆီဓာတ်သည် ခန္ဓာကိုယ်ထဲရှိ မကောင်းသော ကိုလက်စထရောကို လျှော့ချပေးနိုင်ကြောင်း Nutritional Biochemistry ဆေးပညာဂျာနယ်၌ ဖော်ပြထား၏။ ထို့ပြင် ချေဖျက်လွယ်သောအမျှင်ဓာတ်အမြောက်အမြားပါရှိပြီး ကိုလက်စထရောကိုလည်းကျစေသဖြင့် ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများ စားသုံးပေးသင့်သည်။ အထူးသဖြင့် ပြောင်းဖူးငချိတ်သည် အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သည်။

ပြောင်းဖူးထဲတွင် ဗီတာမင် B12 နှင့် ဖောလစ်အက်စစ်တို့ ကြွယ်ဝစွာပါရှိခြင်းကြောင့် သံဓာတ်ဆုံးရှုံးမှုကြောင့် ဖြစ်ပေါ်လာသော သွေးအားနည်းရောဂါကို ကာကွယ်တားဆီးပေးနိုင်ခြင်း၊ မျိုးပွားခြင်းကို အထောက်အပံ့ပေးခြင်းတို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်များ အားထားလောက်ပေ၏။ ကိုယ်ဝန်သည်များ သွေးတိုးခြင်းနှင့်သွေးဆိပ်တက်ကာ ခြေလက်ဖောရောင်ခြင်းတို့ကို သက်သာစေသည့်အပြင် ပြောင်းဖူးစားသုံးခြင်းဖြင့် မွေးဖွားလာမည့်ရင်သွေးငယ်အတွက် ဆဲလ်တည်ဆောက်မှုကို အားဖြည့်ပေးပြီး ပေါင်မပြည့်သောကလေးငယ်အဖြစ်မမွေးဖွားလာစေနိုင်ပါ။ ထို့ပြင် ကလေးငယ်၏ အာရုံကြောအဖွဲ့အစည်း ကိုလည်း တိုးတက်ကောင်းမွန်စေသည်။

ပြောင်းဖူးထဲတွင်ပါရှိသော ဗီတာမင် B1 သည် ဦးနှောက်ဆဲလ်များကို အားကောင်းစေပြီး မှတ်ဉာဏ်နှင့် သိမြင်နိုင်စွမ်းရည်တို့ကို တိုးတက်ကောင်းမွန်စေသည်။ ထို့ပြင် အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်အကြိုဇရာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

ပြောင်းဖူးကဲ့သို့ အဝါရောင်တောက်တောက် ဟင်းသီးဟင်းရွက်သစ်သီးဝလံများထဲတွင် ဗီတာမင်အေကြွယ်ဝစွာပါရှိခြင်းကြောင့် မျက်စိကျန်းမာရေးအတွက် အထူးပင်ကောင်းမွန်၏။ နိုင်ငံတကာ စိုက်ပျိုးရေးသုတေသနပညာရှင်အဖွဲ့၏ မှတ်တမ်းများအရ ပြောင်းဖူးသည်အသက်ကြီး၍အမြင်အာရုံခံလွှာပျက်စီးခြင်းနှင့် အတွင်းတိမ်ရောဂါတို့ကို ကာကွယ်ပေးနိုင်ကြောင်း၊ မွေးရာပါကလေးများ မျက်စိကွယ်ခြင်းကို တားဆီးနိုင်ကြောင်း အကြံပြုထားသည်။

ပြောင်းဖူးတွင် အင်တီအောက်ဆီးဒင့်တစ်မျိုးဖြစ်သော Ferulic အက်စစ်များစွာပါရှိသဖြင့် ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုကို လျော့ကျစေနိုင်သည်။

ပြောင်းဖူးဖြင့်အသားအရေထိန်းသိမ်းနည်း (က) ပြောင်းဖူးမှုန့်အနည်းငယ်ကို လိမ်းနေကျ Cleanserဖြင့် ပျစ်အောင်နယ်ပါ၊ (အကယ်၍ လိုအပ်ပါက ရေနည်းနည်းထည့်ပါ)။ ထိုအရောအနှောတို့ကို မျက်နှာပေါ်တွင် စက်ဝိုင်းပုံသဏ္ဍာန်ဖြည်းဖြည်းချင်းအထဲသို့ စိမ့်ဝင်အောင်လိမ်းပေးပြီးဆယ်မိနစ်ခန့်အကြာတွင် ရေနွေးဖြင့်ဆေးကြောသန့်စင်ပါ။ ထိုနည်းအတိုင်း တစ်ပတ်တစ်ကြိမ်ပြုလုပ်ပေးခြင်းဖြင့် မျက်နှာပေါ်ရှိမဲ့ခြောက်နှင့်ဆားဝက်ခြံများပျောက်ကင်းပြီး အသားအရေနူးညံ့ကာ ဝင်းမွတ်စိုပြည်လာပါလိမ့်မည်။ (ခ) ခန္ဓာကိုယ်အသားအရေအတွက် ပြောင်းဖူးကို Scrub အဖြစ် အသုံးပြုနိုင်၏။ ပြောင်းဖူးမှုန့် (သို့မဟုတ်) ထောင်းထုကြိတ်ထားသော ပြောင်းဖူးဖတ်များကို သုံးနေကျကိုယ်တိုက်ဆပ်ပြာတစ်ခုခုဖြင့်ရော၍ ခန္ဓာကိုယ်အနှံ့ပွတ်တိုက်ပေးခြင်းဖြင့် အံ့ဖွယ်ကောင်းလောက်အောင် နူးညံ့ပျော့ပျောင်းသောအသားအရေကို ပိုင်ဆိုင်နိုင်ပါလိမ့်မည်။

ထို့ကြောင့် မိမိလက်တစ်ကမ်းတွင် လွယ်လင့်တကူရရှိနိုင်ပြီး တန်ဖိုးနည်းသက်သာစွာပေးဝယ်ရသော အရွယ်သုံးပါးမရွေး ကျန်းမာရေးအကျိုးကျေးဇူးများလှသည့် ပြောင်းဖူးကို အလေ့အကျင့်လုပ်၍ စားသုံးကြည့်စေလိုပါသည်။

50% Discount Hotel Package
Air-Con, hot & cold water, Toilet
120000 Apr-13
120000
Mar-29/Apr-13
120000
Mar-29/90000
Apr-13/120000
Ph: 09-73211079, 09-49250637, 09-420073607

ရောင်းမည်
အသင့်သုံး BULLDOZER ဒိုဇာ(Used)
Caterpillar D 8 H
ဆက်သွယ်ရန်
ဖုန်း-၀၉-၈၅၇၂၆၃၂၊ ၀၉-၄၂၀၀၃၉၆၃၈

GOLDEN STAR Travels & Tours
မန္တလေး-မြင်းခြံ-စစ်ကိုင်း-မုံရွာ Apr-12
ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-12
မန္တလေး-မြင်းခြံ-လားရှိုး-မူဆယ်-ရွှေလီ Apr-12
တောင်ကြီး-အင်းလေး-ပင်းတယ Apr-12,13,17
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480, 703448, 09-5081580

Dream Paradise
Travels & Tours Co.,Ltd
April 11, 13
March (30)
Special Discount

ပေါက်ပေါက်

အာရှနဂါး
ချောင်းသာ / ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
ကြေးမုံသတင်းစာ၌
ကြော်ငြာစို့

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

နေ့စဉ် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်သို့ ကျောင်းကားဖြင့်အသွားအပြန်ကျောင်းတက်ရသော ကျွန်မမှာ ရာသီဥတုပူပြင်းခြင်း၊ ကားကြပ်ခြင်း၊ ကျောင်းသို့အချိန်မီပြေးလွှားသွားလာရခြင်းများကြောင့် ချွေးထွက်များခြင်း၊ ချွေးနံ့နံခြင်း၊ မိတ်ပေါက်ခြင်းများဖြစ်လာပါသည်။ အထူးသဖြင့် ကျောင်းပြန်ချိန်ဆိုပိုဆိုးပါသည်။ မည်သည့် Roll On သုံးသုံးလုံးဝထူးခြားမလာပါ။ တိုင်းရင်းဆေးကျောင်းသူဖြစ်တော့ ကုံကော်ဝတ်ဆံ၏ ချွေးနံ့ပျောက်၊ ကိုယ်နံ့ကောင်းစေသော အာနိသင်ကိုသိရှိသော်လည်း မသုံးဖြစ်ခဲ့ပါ။ တစ်နေ့ မိခင်လိမ်းနေသော ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးကို ကျောင်းသို့လိမ်းသွားရာမှ ထိုနေ့တစ်နေ့လုံး ချွေးနံ့မနံခြင်း၊ မိတ်မကိုက်ခြင်းကိုသိသိသာသာခံစားရပါသည်။ ထိုနေ့မှစ၍ ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးကို စွဲမြဲစွာသုံးစွဲလာသောကျွန်မမှာ ရာသီဥတုမည်မျှပင်ပူပူလုံးဝမိတ်မပေါက်ပါ။ ကျောင်းပြီး၍ တိုင်းရင်းဆေးဆရာမအဖြစ်ကုသနေသည့်တိုင် ယခုကဲ့သို့ ပူပြင်းသောနွေရာသီအချိန်များတွင် ကလေး၊ လူကြီးမရွေး ခံစားရမြဲဖြစ်သော ချွေးထွက်လွန်ခြင်း၊ ကိုယ်နံ့မကောင်းခြင်း၊ မိတ်ထွက်ခြင်းဝေဒနာများကို ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးလိမ်းရန် လမ်းညွှန်ရင်း ရွှေပြည်နန်းကိုအမြဲပင်ကျေးဇူးတင်မိနေပါတော့တယ်။
မဝင်းနွဲ့အောင် (B.M.T.M)၊ နဝရတ်သမားတော် တိုင်းရင်းဆေးတိုက်၊ ဈေးကုန်းရပ်၊ စစ်ကိုင်းမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။
မဝင်းနွဲ့အောင်၏ပေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။
မအိအွန့်ခင်အောင်၊ အမှတ်(၅) ကျန်းမာရေးဝန်ကြီးဌာန၊ နိုင်ငံခြားဆက်သွယ်ရေး၊ နေပြည်တော်။

ဖိတ်ခေါ်အပ်ပါသည်။
(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်မရှိ) နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate
BFAD Philippines
FDA (Thailand)
FSB Singapore

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ယမုံနာ

ပစ္စည်းအရည်အသွေး ကောင်းမွန်ခြင်း၊ မှန်ကန်သောအလေးချိန်နှင့် ချိုသာသောဈေးနှုန်းတို့သည် ယမုံနာမိသားစု၏ နွေးထွေးသောအထူးဝန်ဆောင်မှုတစ်ခုဖြစ်ပါသည်။

ဆိုင်အမှတ်(၂၀၄၊ ၂၁၃၊ ၂၂၄)၊ မြေအောက်ထပ်၊
(D) ရုံ၊ သိမ်ကြီးဈေး၊ ☎ – ၂၄၀၆၀၀ (လိုင်းခွဲ – ၄၄၀၉)၊
၀၉ ၄၂၀၀၃၇၇၁၃၊ ၀၉ ၅၁၇၁၉၂၊ ၀၉ ၅၁၇၂၄၆၂

ပုစွန်ခြောက်ပင်ရင်းဆိုင် ပုစွန်ခြောက်အမျိုးမျိုးနှင့် အမှုန့်၊ မြိတ်ငါးပုတ်ခြောက်

အားကစားမြှင့်တင်
စိတ်လန်းရွှင်
သန့်ကျင်မူးယစ်ဆေး

01-293159
01-9000293
09-5160048

RUBY
519100
09-51-77212, 535100

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ရှောင်းသာ/ငွေဆောင်
Ph: 209077, 09-731 67000
209388, 09-731 68000

09-73159071, 09-49330287
GUEST HOUSE PACKAGE

Horlicks
THE GREAT FAMILY NOURISHER

သင်နစ်သက်တဲ့ Horlicks ကို
ရှာရခက်နေပါသလား?

ယခုတော့ နီးစပ်ရာ စတိုးဆိုင်တိုင်းမှာ ရောက်နေပါပြီ။

Horlicks ဟာ အာဟာရဓါတ်ပြည့်ဝစေတဲ့ သင့်ရဲ့နေ့စဉ်အားဖောက်စွမ်းရာ တစ်ခုဖြစ်ပါတယ်။

Win & San

Diamonds and Fine Jewelry
ဦးဝင်းနိုင် + ဒေါ်စမ်းစမ်း

"နှစ်သစ်မဟာသင်္ကြန်အထူးအစီအစဉ်အဖြစ်" တော်ဝင်စင်တာရှိ Win & San Diamonds and Fine Jewelry မှ စက်ထည်၊ လက်ထည် ဒီဇိုင်းအသစ်အဆန်းများအပြင် မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများနှင့် ဖြူသန့်စိန်အကြွေဆိုဒ်စုံ၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ပါ တစ်ပွင့်စိန်များကို မိတ်ဟောင်းမိတ်သစ်များအတွက် တစ်မူထူးခြားသော အထူးလျှော့ဈေး 15% to 25% ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

✦ မိတ်စာမရောက်ရှိသော မိတ်ဆွေများလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။ ✦

Promotion Date : 30.3.2013, 31.3.2013, 1.4.2013

Show Room (2) ◆ အမှတ် (၄၅)၊ အခန်း (၁၀၂၇)၊ မြေညီထပ်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ Ph : 8600111 (Ext - 1027), 09-500-6683

PUN HLAING HOSPITAL

အလှအပနှင့်အရေပြားဆိုင်ရာခွဲစိတ်ကုသမှုအထူးအစီအစဉ်

ကိုရီးယားမင်းသမီးတွေလိုလှပဖို့အတွက်ကိုရီးယားနိုင်ငံသွားစရာမလိုတော့ပါ...

ကိုရီးယားသရုပ်ဆောင်များကိုခွဲစိတ်ကုသပေးနေသော ကိုရီးယားနိုင်ငံမှအလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး ကိုယ်တိုင် မတ်လ (၃၀) ရက်နေ့မှဧပြီလ (၂) ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။



ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀၀၄၂၈၇၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : enquiry.phih@spa.com.mm

T.club
It's Cool!
၂၀၁၃ ခုနှစ်၊ ဧပြီလထုတ် ထွက်ပြီ
www.facebook.com/TClubMyanmar
၁,၀၀၀ ကျပ်

TOYOTA RAV4
* 2012 Model
*Just Imported (500 Miles)
*4 x 4 Left Hand Drive
*3 Rows Seating (7 Seats)
*Price - Ks. 870,00,000/-
- 527379

ဗန်ကောက်သင်္ကြန်ကို
ပျော်ပျော်ပါးပါး
"တိုးဒီ" နဲ့ အတူတူသွားကြစို့...
Only USD-750
ဗန်ကောက်~အယုဒ္ဓယ~ပတ္တရား
(၅ညအိပ်၊ ၆ရက်) 12/13-April
တိုး ဒီ နဲ့ GO ပြီ!
Safari World, Dream World
Cruise Dinner(ကျောက်ပရားမြစ်)
Baiyoke Sky Dinner
အယုဒ္ဓယမြို့ဟောင်း
Alcazar(Lady-Boy) Show
ဗန်ကောက်ဈေးဝယ် အထူးအစီအစဉ်များ

အမှတ်(၁၀၉)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၀ ၅၁၄၀၆၊ ၀၉-၇၃၀ ၅၁၄၀၇၊ ၀၁-၃၇၈ ၁၂၇၊ ၀၁-၃၇၈ ၅၀၃ မန္တလေးမြို့ ၀၂-၃၁၁၁၇

အနံ့င်းမဲ့ မွှေးရနံ့နဲ့ အတူ မမေ့နိုင်စရာ တစ်နေ့...

ရေမွှေး
ပေါင်ဒါ
Anytime
အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
အစားကောင်းစားရရင် ကိုယ်ချစ်တဲ့သူတွေကို သတိရမိတယ်တဲ့
ပစ္စည်းကောင်းလေး ထုံးမိရင်လည်း ကိုယ်ချစ်တဲ့သူတွေကို သတိရမိတယ်တဲ့။
Anytime သုံးပြီးရင်လည်း သင်~သူတို့ကို သတိရနေမှာပါ။

STT SPECIAL TRIP TRAVEL & TOUR CO.,LTD
အာရှဒေသ၏ နာမည်ကျော်အပျော်စင်ကမ်းခြေ ငပလီ မဟာသင်္ကြန်ပွဲတော်
သံတွဲ သင်္ကြန်၊ ဆံတော်အိတော်နန်းတော် ဘုရားများ၊ ပုလဲကျွန်း၊ သံဖြူကျွန်း သို့
BOAT TRIP နှင့် SNORKLING MASK PROGRAM (ပင်လယ်ရေအောက်ကြည့် အစီအစဉ်)
ထောင်ကြီး Mar-23/Apr-13
ပုပ်~ထောင်ကြီး Mar-22/Apr-12
သံတွဲ~ငပလီ Apr-13
CAR RENTAL SERVICES
ပုပ်~ရွှေစက်တော် Apr-13
ကားဝယ် (နွင်းကိုးရှင်) Apr-12
ရွှေလီ~မံစီ April-12
ကျိုက်ထီး~တာချီလိတ်~မယ်ဆိုင်~ချောင်းသာ~ချင်းရိုင်း FLIGHT TRIP April-11/12
No. 482,1F, LMD/ 01-210656, 0973255094, 095197380, 095081091

Kidneys for Life Stop Acute Kidney Injury

အဋ္ဌမအကြိမ်မြောက် **"ကမ္ဘာ့ကျောက်ကပ်နေ့"** အထိမ်းအမှတ်အဖြစ် **"အသက်အတွက် ကျောက်ကပ်၊ ဖျက်ဆီးခြင်းများ တားဆီးသား"** ဆောင်ပုဒ်ကို ရည်ညွှန်း၍ အောက်ပါအစီအစဉ်အတိုင်း ဟောပြောပွဲကျင်းပမည်ဖြစ်ပါ၍ ဆေးလောကမိသားစုနှင့် စိတ်ပါဝင်စားသူများ လာရောက်နားထောင် ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉နာရီမှ ၁၁နာရီ
နေရာ - သုနာမြို့တက္ကသိုလ်

(ဆေးလောကမိသားစုများ)

၃၀-၃-၂၀၁၃ရက် (စနေနေ့)တွင် ကန်တော်ကြီးအတွင်း လမ်းလျှောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆေးလောကမိသားစုများ လာရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

စုရပ်- မြန်မာနိုင်ငံဆရာဝန်အသင်း၊ နံနက် ၆ နာရီ

တော်ဝင်နှင်းဆီ
မြို့တွင်း / မြို့ပြင် Minibus,Hiace,TX,Saloon ကားများ ငှားရန်အသင့်ရှိသည်။
09492294063, 380821

ကနေဒါနိုင်ငံ
လက်ခံနေပါပြီ
Great Bamar Travel & Tours

M A J A
မြန်မာနိုင်ငံဝိုင်ယာလက်ပြည်ပညာသင်ကောင်းအသင်း

နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၃၀-၃-၂၀၁၃ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ ၉း၀၀ နာရီ
ကျင်းပမည့်နေရာ ။ ။ UMFCCI Hall, 1st.Floor
(မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)

➲ အစည်းအဝေးပြီးလျှင် MAJA အသင်းမှ တည်ခင်းသော ညစာစားပွဲကို ဆက်လက်ကျင်းပပါမည်။

အလုပ်အမှုဆောင်အဖွဲ့

MODERN HOUSE FURNITURE
နှစ်သစ်ကူးအထူးအစီအစဉ်အဖြစ်
5% to 15% Discount ပေးနေပါသည်။

No-72, Yaw Min Gyi Road, Dagon Township, Yangon.
York Branch Tel : 378656, 254918
Yuzana Branch Tel : 09420035111, 200747 (Ext : 5002)

အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်းမှန်စေတဲ့
မုံရွာဆရာစိုး
ကျောက်တစ်လုံးဝမ်းမှန်ဆေး

မုံရွာ ဆရာစိုး
အဖောလဲ့ နှလုံးအားဆေး

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အမှတ်(၂၁၁) အလယ်ရွှေဂုံတိုင်လမ်းကြီး ရွှေဂုံတိုင်ဟိုတယ်သော၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151,01-8603389, 09-5426261, 09-73152381

ရုံးခန်းပြောင်းရွှေ့ခြင်း

ကိုင်အယ်လ်အို (ILO) ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးအား
၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့၌
အောက်ပါလိပ်စာသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
အမှတ်-၁(က) ကန်ဘဲ့(သစ္စာ)လမ်း ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၆၆၅၃၈၊ ၅၆၆၅၃၉၊ ၅၃၈၉၂၅၊ ၅၃၉၉၃၆
ဖက်စ် ၀၁-၅၆၆၅၈၂
PO BOX 679

NATURAL BREEZE Travels & Tours

" Breeze Brings the Remembrance of Your Life......"

ကိုးစီးယား April 12 ၈ည ၉ရက်

ဆင်ကာပူ - မလေးရှား April 12-13 (၆ည ၇ရက်)
ဗန်ကောက် - ပတ္တရား April 13-14 (၅ည ၆ရက်)
ကျိုင်းတုံ - ကျိုင်းရိုင် - ရွှေတြိဂံ April 21 (၅ည ၆ရက်)
မလေးရှား - ဆင်ကာပူ - ဗန်ကောက် April 10 (၅ည ၆ရက်)

01 500734, 09 73 211441 , 09 73 211442
Email - naturalbreeze.travel@gmail.com

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

သံမဏိလိုက်သည့် အဆင့်မြင့် ဧတီး တလိတ်စားသွားဆေးကြီးများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်း၍ တပ်ဆင်ပေးနေပါသည်။

ရန်ကုန်အရောင်းခန်းမ - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်း (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပေါက်မြို့နယ်။
Ph:01-545531, 01-8603141, 09-5008161

နေပြည်တော်အရောင်းခန်းမ - အမှတ်(၅၁၁)၊ ရာဇဌာနီလမ်းမကြီး၊ ပေါင်းလောင်း ၂ ဖျဉ်းမနားမြို့၊ နေပြည်တော်။
Ph : 067-25422, 09-49-210 551, 09-5104455

မန္တလေးအရောင်းခန်းမ - အမှတ်(၁၅၄/B)၊ ၈၄လမ်းမကြီး၊ ၂၅လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်။
Ph:02-73191, 09-5140655, 09-402571300

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်ခြင်စိုက် ရှေ့တိုက်ကိုးစိုး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ လှိုင်မြို့နယ်(၂)ရပ်ကွက် သီရိ(ခ)လမ်း အမှတ်(၁၅၆)ရှိ ဒေါ်သွင်သည့် သုံးစွဲလျက်ရှိသော ယာဉ်အမှတ် (MYGN-၀၄၇၇၆၆)ပါ ယာဉ်ကို ရောင်းချရန် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများနှင့် ကန့်ကွက်နိုင်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ခြူသင်းကြိုင်(စဉ်-၃၀၃၈၆)
အထက်တန်းရှေ့နေ
ဦးထင်အောင်(စဉ်-၃၀၃၈)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၈၃)၊ အခန်း-၁၁(ဒုတိယထပ်)၊ ဝန်ဆိုင်တန်းလမ်း (၄)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၂၄၆၊ ၀၉၅၁၅၅၈၃